စိတ်ကူးချိုချိုအနုပညာ

မောင်ထင်

စခန်းနော် လိုရာကွန့်နိုင်တဲ့

mgyoe.com

ငှောင်ထင်

စခန်းနော် လိုရာကွန့်နိုင်တဲ့

အဖေ့ရဲ့ စာပေယဉ်ကျေးမှုအနုပညာဆောင်းပါးတွေထဲက ပန်းချီအနုပညာဆိုင်ရာ ဆောင်းပါးတွေကို စုစည်းထုတ်ဝေလိုက်တာ ဖြစ်ပါတယ်။ အဖေ့ရဲ့ စာပေသက်တမ်းတစ်လျှောက်မှာ ပန်းချီအနုပညာဆိုင်ရာ ဆောင်းပါးက လက်ချိုးရေတွက်လို့ရအောင် နည်းပါးခဲ့ပါတယ်။

၁၉၅၁ ခုနှစ်ကနေ ၁၉၇၇ ခုနှစ်အထိ ဗမာပြည် ပန်းချီသမဂ္ဂနှစ်ပတ်လည်စာစောင်၊ သွေးသောက်မဂ္ဂဇင်း၊ ဟံသာဝတီသတင်းစာနဲ့ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာတွေမှာ ပါခဲ့တဲ့ ဆောင်းပါး ၇ပုဒ်နဲ့ ၂၀၀၂ ခုနှစ်ကနေ ၂၀၀၃ ခုနှစ်အထိ ထုတ်ဝေခဲ့ပြီး ဆရာမင်းထက်မောင် အယ်ဒီတာချုပ်အဖြစ်ဆောင်ရွက်ခဲ့တဲ့ ပန်ရုပ်စုံမဂ္ဂဇင်းမှာပါရှိတဲ့ ဆောင်းပါး ၃ ပုဒ်၊ စုစုပေါင်း ဆောင်းပါး ၁၀ ပုဒ်နဲ့ ဝတ္ထုတို ၁ ပုဒ်ကို စုစည်းထုတ်ဝေလိုက်ပါတယ်။

စိဝဲသူညီကိုးဖ်အမှာစာမှ-

MGH0009

1,000.00 KS

mgyoe.com

စခန်းနော်လိုရာကွန့်နိုင်တဲ့၊ မောင်ထင်
စာမျက်နှာ ၇၁+ မျက်နှာ၊ ၁၆ စင်တီ× ၁၈·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းညို၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ မတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၀၀၀ ကျပ်

email: skccph@gmail.com ; P.O.Box: 705
www.facebook.com/SKCCmyanmarbook
www.skccmyanmarbook.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■ ■

စခန်းနော်လိုရာကွန့်နိုင်တဲ့
မောင်ထင်

ပထမအကြိမ်၊ ၂၀၀၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

မာတိကာ

–	စိစဉ်သူရဲ့အမှာ	[က]
၁။	အဟောင်းမှအသစ်သို့	၁
၂။	အနောက်မှအရှေ့သို့	၅
၃။	မန္တလေး ပန်းချီသမိုင်း	၁၅
၄။	စခန်းနော်လိုရာကွန့်နိုင်တဲ့	၁၉
၅။	ပန်းချီဝိဇ္ဇာဦးဘညဏ်	၂၂
၆။	ပန်းချီပြပွဲများ	၂၇
၇။	ကမ္ဘာ့ပန်းချီ မြန်မာ့ပန်းချီ	၃၁
၈။	ဆန်းသစ်ပန်းချီ	၃၅
၉။	ပန်းချီအနုပညာနှင့် ပန်းချီအရသာ	၄၅
၁၀။	ဗန်ဂိုး၏ လူထုပန်းချီ	၅၅
၁၁။	လှလှ (ဝတ္ထုတို)	၆၃

■

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

စီစဉ်သူရဲ့အမှာ

အဖေ့ရဲ့ စာပေယဉ်ကျေးမှုအနုပညာဆောင်းပါးတွေထဲက ပန်းချီအနုပညာဆိုင်ရာ ဆောင်းပါးတွေကို စုစည်းထုတ်ဝေလိုက်တာ ဖြစ်ပါတယ်။ အဖေ့ရဲ့ စာပေသက်တမ်းတစ်လျှောက်မှာ ပန်းချီအနုပညာဆိုင်ရာ ဆောင်းပါးက လက်ချိုးရေတွက်လို့ရအောင် နည်းပါးခဲ့ပါတယ်။

ကျွန်တော်စုဆောင်းထားတဲ့ ဆောင်းပါး ၈ ပုဒ်နဲ့ ရှာဖွေတွေ့ရှိတဲ့ ဆောင်းပါး ၃ ပုဒ်၊ စုစုပေါင်း ဆောင်းပါး ၁၁ ပုဒ် စုစည်းလိုက်ပါတယ်။ ဆောင်းပါး ၁၁ ပုဒ်မှာ အစောဆုံးအနေနဲ့ ၁၉၅၁ ခုနှစ်၊ ဩဂုတ်လမှာ ထုတ်ဝေခဲ့တဲ့ သစ္စာမဂ္ဂဇင်းမှာ ရှေးရိုးပန်းချီမှ ခေတ်စမ်းပန်းချီသို့ဆိုတဲ့ ဆောင်းပါးတစ်ပုဒ်ကို ဖော်ပြထားတာ တွေ့ရပါတယ်။ မဂ္ဂဇင်းထဲက ဆောင်းပါးစာမျက်နှာကို ဖြတ်ထားတာ ဖြစ်ပါတယ်။ ဆောင်းပါးအဆုံးမှာ နောက်လ ဆက်ဖတ်ပါလို့ ဖော်ပြထားပါတယ်။ ၁၉၅၁ ခုနှစ် စက်တင်ဘာလထုတ်မဂ္ဂဇင်း မရှိ

mgyoe.com

mgyoe.com

တဲ့အတွက် အဲဒီဆောင်းပါးကို မှတ်တမ်းအဖြစ်နဲ့သာ တင်ပြနိုင်ပါတယ်။

တစ်ခါ ၁၉၅၁ ခုနှစ်၊ နိုဝင်ဘာလထုတ် ဗမာပြည် ပန်းချီသမဂ္ဂနှစ်ပတ်လည်စာစောင်မှာ အဟောင်းမှအသစ်သို့ ဆိုတဲ့ ဆောင်းပါးတစ်ပုဒ်နဲ့ ၁၉၅၂ ခုနှစ်၊ ဇန်နဝါရီလထုတ် သွေးသောက် မဂ္ဂဇင်းမှာ အနောက်မှ အရှေ့သို့ဆိုတဲ့ ဆောင်းပါးတစ်ပုဒ်ကို ထပ်မံရှာဖွေတွေ့ရှိပြန်ပါတယ်။ အဲဒီဆောင်းပါး နှစ်ပုဒ်ကတော့ အခန်းဆက်မဟုတ်တဲ့အတွက် ပုံနှိပ်ဖော်ပြခွင့်ရလိုက်ပါတယ်။ ဒါကြောင့် ပြည့်ပြည့်စုံစုံရှိပြီးသား ဆောင်းပါး ၁၀ ပုဒ်နဲ့အတူ အဖေရဲ့ တစ်ပုဒ်တည်းသော ပန်းချီအနုပညာဆိုင်ရာ ဝတ္ထုတိုကိုပါ ထည့်သွင်းဖော်ပြမှ ပြည့်စုံမယ်လို့ ယူဆတဲ့အတွက် ၁၉၃၆ ခုနှစ်မှာ ထုတ်ဝေခဲ့တဲ့ ဂန္ထလောကမဂ္ဂဇင်းထဲက လှလှ ဆိုတဲ့ဝတ္ထုကို ထည့်သွင်းဖော်ပြထားပါတယ်။ အဲဒီဝတ္ထုကို ၁၉၆၀ ပြည့်နှစ်၊ နိုဝင်ဘာလမှာ ထုတ်ဝေခဲ့တဲ့ ငွေတာရီမဂ္ဂဇင်းမှာ ထပ်မံဖော်ပြခဲ့ဖူးတာ တွေ့ရှိရပါတယ်။ ဆောင်းပါးတွေအဖြစ်ကတော့ ၁၉၅၁ ခုနှစ်ကနေ ၁၉၇၇ ခုနှစ်အထိ ဗမာပြည် ပန်းချီသမဂ္ဂနှစ်ပတ်လည်စာစောင်၊ သွေးသောက်မဂ္ဂဇင်း၊ ဟံသာဝတီသတင်းစာနဲ့ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာတွေမှာ ပါခဲ့တဲ့ ဆောင်းပါး ၇ပုဒ်နဲ့ ၂၀၀၂ ခုနှစ်ကနေ ၂၀၀၃ ခုနှစ်အထိ ထုတ်ဝေခဲ့ပြီး ဆရာမင်းထက်မောင် အယ်ဒီတာချုပ်အဖြစ်ဆောင်ရွက်ခဲ့တဲ့ ပန်ရပ်စုံမဂ္ဂဇင်းမှာပါရှိတဲ့ ဆောင်းပါး ၃ ပုဒ်၊ စုစုပေါင်း ဆောင်းပါး ၁၀ ပုဒ်နဲ့ ဝတ္ထုတို ၁ ပုဒ်ကို စုစည်းထုတ်ဝေလိုက်ပါတယ်။

mgyoe.com

mgyoe.com

ယခုဖော်ပြလိုက်တဲ့ ဆောင်းပါးတွေထဲမှာ ၁၉၅၁-၅၂ ခုနှစ် ဆောင်းပါးတွေဆိုရင် ကျွန်တော့်အသက်အရွယ်နဲ့ လက်လှမ်းမမီတဲ့အချိန်က ဆောင်းပါးတွေ ဖြစ်ပါတယ်။ အဲဒီလိုပဲ ယခုလက်ရှိအချိန်မှာ လူလားမြောက်လာကြတဲ့ မျိုးဆက်သစ် လူငယ်မောင်မယ်၊ ပန်းချီဝါသနာရှင်တွေ အတွက် လက်လှမ်းမမီလိုက်တဲ့အချိန်က ဆောင်းပါးတွေ လည်း ဖြစ်ပါတယ်။

ဒါကြောင့် မျိုးဆက်သစ်လူငယ် မောင်မယ်တွေအတွက် ဗဟုသုတအလို့ငှာပဲဖြစ်ဖြစ်၊ သုတေသနပြုဖို့ပဲဖြစ်ဖြစ် တစ်ထောင့် တစ်နေရာကနေ အထောက်အကူဖြစ်နိုင်လိမ့်မယ်လို့ မျှော်လင့်ပြီး အဖေရဲ့ဆောင်းပါးတွေကို စုစည်းထုတ်ဝေဖြစ်ပါတယ်။ ။

ညီကိုး

အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၂၀၁၇၊ ဇူလိုင်လ၊ ၁ ရက်။

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

။ အဟောင်းမှအသစ်သို့ ။

မြန်မာမှုအရပ်ရပ်တို့သည် ယခု နှစ်ဆယ်ရာစုနှစ်အတွင်း၌ပင် အစဉ်ပြတ်ခဲ့သည်။ အထူးသဖြင့် မြန်မာရိုးရာ ပန်းချီသည် အနောက်နိုင်ငံမှ ဝင်လာသော သြဇာကို မတွန်းလှန်နိုင်ခဲ့ရကား အစဉ်ပြတ်သည်ဟူသော စကားသည် ပန်းချီအနုပညာအတွက် ပို၍ ဟုတ်မှန်နေသည်။

ကျွန်ုပ်တို့ လွတ်လပ်ရေးကြိုးပမ်းမှုသည် အလဟဿဖြစ်ခဲ့ပါလျှင် မြန်မာရိုးရာပန်းချီသည် ဦးစွာပထမ အစဉ်ပျက်ဖွယ်ပင်ရှိသည်။

လွတ်လပ်ပြီးစ မြန်မာ့စိတ်ဓာတ်သည် တစ်သက်တစ်ကျွန်းကျနေသူတစ်ဦး မမျှော်လင့်ဘဲနှင့် လွတ်လာသောအခါ ခံစားရသော ဝေဒနာနှင့် တူနေသည်။ လွတ်ပဟော့၊ ကျွတ်ပဟော့။ ငါ့ကိုဘယ်သူမှ မတားကြနှင့်။ ဇက်အုပ်လို့မရဘူးနော်။

မှန်၏။ ဇက်အုပ်၍မရ။ ဘာမဆို အလွန်အကျွံဖြစ်သည်။ ဇက်အုပ်တတ်ခြင်းကား အနုပညာ၏ သဘောဖြစ်သည်။ သို့သော် လွတ်လပ်ရေးဟူသောစကားကို အတွင်ပြောနေချိန်၌ အနုပညာသည် ချည်တိုင်မှလွတ်သော နွားသိုးကဲ့သို့ အထိန်းအသိမ်းမရှိ၊ မြင်မြင်ကရာ နွားမတမ်းတို့ကို လိုက်၍နေသည်။ သို့သော် တစ်ကောင်ကိုမျှ မမိချေ။

mgyoe.com

mgyoe.com

မြန်မာ့မူရိုးရာသည် ခေတ္တဆိုသလို ပြတ်နေသောကြောင့်၊ ကျွန်ုပ်တို့သည် အဟောင်းတည်းဟူသော ရိုးရာထဲတွင် တစ်ခါဖူးမျှ ပတ်ပတ်နပ်နပ်မလည်ခဲ့ရသေး၊ မိမိ၏ပစ္စည်း မည်မျှကြွယ်ဝသည်ကို မခန့်မှန်းတတ်မီ အသစ်ဟူသော ရောယောင်တမ်းတချက်သည် ပေါ်ထွက်လာသည်။ ထိုအခါ အဟောင်းကိုစွန့်သည်နှင့်တစ်ပြိုင်နက် သစ်ပြီဟု သဘောထားမိတတ်ကြသည်။

လူတို့သည် အဟောင်းရှိ၍သာ အသစ်ဖြစ်ထွန်းရသည်ဟူသော သဘောတရားကို မေ့ပစ်လိုက်ကြသည်။ အဟောင်းမှ အသစ်သည် ဖွားမြင်လာသည်ဟူသော နိယာမကို ပယ်လိုက်ကြသည်။ ဤတရားလွန်သဘောအတိုင်း ဆက်လက်စခန်းသွားကြမည်ဆိုလျှင် ကျွန်ုပ်တို့သည် မြန်မာလို၀တ်ထားသော ဂေါရင်ဂျီဘ၀သို့ ဆိုက်ရောက်ကောင်း ဆိုက်ရောက်ကြရပေလိမ့်မည်။

သို့ရာတွင် ကံကောင်းထောက်မပေသောကြောင့် ကျွန်ုပ်တို့ ခေတ်ထဲတွင် ခေတ်ဟောင်း၏ အမွေစားအမွေခံ အနုပညာသားသမီးတို့ အသင့်အတင့် ကျန်ရှိနေသေးသည်။ အသစ်ဟူ၍ ယောင်ယမ်း အော်ဟစ်နေကြသည်။ အထဲမှ အဟောင်းကို တလည်လည်အောက်မေ့လာကြသည်။ ထိုသဘောကြောင့် မြန်မာ့ရိုးရာသတ္တိ၊ မြန်မာ့ရိုးရာ ဉာဏ်စွမ်းတို့သည် အစဉ်အဆက်မပြတ်ဘဲ တည်နေနိုင်သေး၏ဟု ကျွန်ုပ်တို့ ယူဆကြရမည်ဖြစ်သည်။

အဟောင်းအသစ်ဟူသည်တို့မှာ ပညတ်သဘောမျှသာ ဖြစ်သည်။ ပရမတ်သဘောအရ ဖြစ်စဉ်ဟူသမျှသည် ဥပါဒ်ဋ္ဌီဘင်အပေါ်၌ တည်နေသည်။ ဖြစ်ပြီးလျှင်တည်, တည်ပြီးလျှင် ပျက်, ပျက်ပြီးလျှင် တစ်ဖန်ပြန်၍ဖြစ်၏။ ယင်းသို့မှ မဖြစ်နိုင်လျှင် သေပြီဟုခေါ်ရသည်။ ဖြစ်တည်ပျက် အစဉ်ရှိနေသမျှ ရှင်နေသည်။ ထို့ကြောင့် ပရမတ်သဘောအရ

mgyoe.com

mgyoe.com

ကြည့်လျှင် မြန်မာမှုအရပ်ရပ်တို့ရှင်နေမှ မြန်မာ့လွတ်လပ်ရေးဟူသည့် အရသာကို တွေ့နိုင်ပေလိမ့်မည်။

အဟောင်းကို ဝိညာဉ်မတွယ်ဘဲ သစ်သည်ဟုဆိုလျှင် မိုးကျရွှေ ကိုယ်သာ ဖြစ်ချိမ့်မည်။ မိုးကျရွှေကိုယ်တို့သည် မြေကြီးကို မထိ။ သီးခြားလွတ်ကင်း၍ တည်လိုက တည်နိုင်သည်။ သို့သော် မြေကြီးနှင့်ကား ဆက်စပ်၍မရကောင်း။

လူသည် အသစ်သစ်ကိုသာလျှင်အလို ရှိတတ်သည်မှန်၏။ သို့သော် အစဉ်ပြတ်သော အသစ်သည် လူ့အဖို့ အဓိပ္ပာယ်မရှိ။ အနုပညာ သဘောအရကြည့်လျှင် လူ၌ သူ့ရိုးရာနှင့်သူ ရှိ၏။ ရိုးရာမရှိသောသူမှာ အတိတ်မရှိသောသူဖြစ်၏။ အတိတ်မရှိသောသူ၏ ပစ္စုပ္ပန်သည် သုညအတိဖြစ်သည်။ ပစ္စုပ္ပန်၌ သုညဖြစ်လျှင် အနာဂတ်၌ သုညပင် ဖြစ်ရပေမည်။ သို့သော် ဤစကားကို လက်မခံလို၍ အတိတ်ပင် မရှိသော်လည်း တိုးတက်နိုင်၏ဟု ဖွတ်ငြင်းလိုလျှင် ထိုသူ့အတွက် အနာဂတ်တို့၌ သုညတစ်လုံးမှသည် နှစ်လုံးဖြစ်လာနိုင်သည်ဟု ဆိုကြပါစို့။

အထက်ပါသဘောသည် စီးပွားရေးအရလည်း မှန်၏။ လူမှုရေးအရလည်း ဟုတ်၏။ နိုင်ငံရေးအရလည်း ဟုတ်မှန်၏။

ထို့ကြောင့် ရိုးရာမှကင်းကွာသော အသစ်သည် လူနှင့် ကင်းကွာသော အသစ်သာဖြစ်ပေလိမ့်မည်။

အနုပညာ၏သဘောကို လေးနက်စွာ သုံးသပ်လေ့လာလျက်ရှိကြသော နိုင်ငံတကာတို့၌ ဥပါဒ်ဋ္ဌီဘင်သဘောကို လက်မလွှတ်ကြပေ။ အဆုံးစွန်စကားပြောရလျှင် မာ့ခ်စ်သည်ပင်လျှင် စီးပွားရေးစနစ်သစ်ကို ကြံဆရာ၌ လူဖြစ်စဉ်ကို ဥပါဒ်ဋ္ဌီဘင်သဘောနှင့် ကြည့်ရှုသုံးသပ်ခဲ့ပေသည်။

သူများသစ်လို့ သစ်ရပါသည်ဟူသော သဘောကို ကျွန်တော်တို့

mgyoe.com

mgyoe.com

လက်ခံထိုက်သည်မဟုတ်။ ထိုရောကျော်သဘောမှာ အတွင်းခံတတ်ခံ အင်အားနည်းသူတို့၏ သဘောဖြစ်သည်။ အတိတ်နှင့် ပစ္စုပ္ပန်ဆက်စပ်၍ အနာဂတ်အဖို့ အထောက်အပံ့ဖြစ်နိုင်ပေလိမ့်မည်။ ကျွန်ုပ်တို့အားလုံးသည် ပရမတ်ဆရာများ မဟုတ်ကြချေ။ ထို့ကြောင့် ပရမတ်သဘောအရ ဟောင်းသော သစ်သော ပဓာန မဟုတ်ဟု ဆိုစေကာမူ လူသည် အဟောင်းမှအသစ်သို့ အစဉ်မပျက် ကူးပြောင်းနေလိုသူဖြစ်ရာ အသစ်ကို လက်ခံရမည်မှာ ထုံးစံပင်ဖြစ်သည်။ ထုံးစံ၏သဘောသည် ပင်လျှင် ရိုးရာအစဉ်မပျက်သော သဘောပင်ဖြစ်သည်။

ကျွန်ုပ်တို့သည် အဟောင်းမှအသစ်သို့ ရှေးရှုကြရမည်။ သို့သော် ကြောင်းကျိုးဆက်စပ်နေမှ အသစ်သည် တည်နိုင်မည်။ ယင်းသို့မဟုတ်ပါက အသစ်သည် 'ဘင်'တွင် ဆုံးလိမ့်မည်။ ။

မဟာပြည်ပန်းချီသမဂ္ဂနှစ်ပတ်လည်စာစောင်၊ နိုဝင်ဘာ၊ ၁၉၅၁။

mgyoe.com

mgyoe.com

၊ အနောက်မှ အရှေ့သို့ ၊

မြန်မာနိုင်ငံ၏ တည်ဟန်အနေအထားကိုကြည့်လျှင် အရှေ့ဘက်တွင် လူဦးရေသန်းပေါင်း ၄၅၀ ကျော်ရှိသော တရုတ်ပြည်နှင့် အနောက်ဘက်တွင် သန်းပေါင်း လူဦးရေ ၃၀၀ ကျော်ရှိသော အိန္ဒိယ (ပါကစ္စတန် အပါအဝင်) ပြည်တို့ နှစ်ဖက်ညှပ်လျက်ရှိသည်။

နိုင်ငံရေးမျက်စိနှင့်ကြည့်လျှင် ထိုမျှအင်အားကြီးမားသော နှစ်နိုင်ငံတို့ကြား၌ ညပ်နေသော မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံတို့သည်၊ နိုင်ငံကြီးများ၏ ဝါးမျိုခြင်းကိုခံရဖို့ ရှိလေသည်။ သို့ပါလျက် သမိုင်းအစဉ်အဆက်၌ ထိုနိုင်ငံငယ်များသည် နီးတကျက်ကျက်ဖြစ်ခဲ့ပါလျက်နှင့် လူမျိုး၏မူမပျောက်ဘဲ ယနေ့တိုင်အောင် သူကား မြန်မာ၊ သူကား ယိုးဒယား၊ သူကား ကမ္ဗောဇ၊ သူကား အင်ဒိုနီးရှား၊ သူကား မာလာယုကျွန်းသားဟူ၍ တည်နေနိုင်ခဲ့သည်မှာ အံ့ဩစရာပင်ဖြစ်သည်။

စင်စစ်သော်ကား (Unity in diversity)ဟု ခေါ်အပ်သော 'အကွဲထဲက စည်းလုံးမှု'ကြောင့် အာရှတိုက်တစ်ဝန်း၌ လူမျိုးအသီးသီးတို့မှာ ယနေ့တိုင် မူမပျက် နေထိုင်နိုင်ကြခြင်းဖြစ်ပေသည်။

ဤဆောင်းပါးမှာ နိုင်ငံရေးကို မူတည်၍ရေးသော ဆောင်းပါး

mgyoe.com

mgyoe.com

မဟုတ်။ အနုပညာကို မူတည်၍ ရေးလိုသော ဆောင်းပါးဖြစ်ရကား 'အကွဲထဲမှ စည်းလုံးမှု' ဟူသော နိုင်ငံရေးခွစကားတို့ကို ခေတ္တဖယ်ထား၍ အကြောင်းအရင်းကိုသာ ပြလိုသည်။

အာရှတိုက်ကြီးသည် အကွဲကွဲအပြားပြားခြားနားလျက် လူမျိုး၏ မူမပျက်တည်ရှိခြင်း၏ အကြောင်းအရင်းမှာ (အသေးအဖွဲကို ဖယ်၍ ပြောရသော်) နှစ်ရပ်တွေ့ရသည်။

ပထမအကြောင်းရင်းကား ပထဝီဝင်သဘောဖြစ်သည်။ ဒုတိယ အကြောင်းအရင်းကား အနုပညာ၏ သတ္တိပြန်သည်။

အရှေ့တောင်အာရှဒေသဟု ခေါ်ဝေါ်အပ်သော မြန်မာ၊ မလေး၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်ကျွန်းစုစသော နိုင်ငံ၏ ပထဝီဝင်အနေအထားပုံသဏ္ဍာန်မှာ၊ အင်ဒိုမာလာယံ (Indo Malayan) တောင်တန်းများနှင့် ရခိုင်ရိုးမမှစ၍ ပစိဖိတ်သမုဒ္ဒရာ ကျွန်းစုများတစ်လျှောက် (Tertiary Floding) ခေါ် တတိယခေတ်၏ သေလာပထဝီကြောတို့က ဖန်တီးထားသည့်အတိုင်း ရေမြေအကန့်အကန့် တည်ရှိသည်ကို လိုက်၍ နိုင်ငံနှင့် လူမျိုးတို့ အကန့်အကန့် သီးခြားတည်ရှိခဲ့လေသည်။

အနုပညာ၏သတ္တိကား အိန္ဒိယနှင့် တရုတ်ပြည်တို့၏ယဉ်ကျေးမှုတို့အပြင် မွတ်စလင်ဘာသာဝင်တို့၏ ယဉ်ကျေးမှုများသည် ထို အရှေ့တောင်အာရှနိုင်ငံများထဲသို့ ချဉ်းနင်းဝင်ရောက်ခဲ့ကြစေကာမူ ရိုးရာမပျက် ယဉ်ကျေးမှုအနုပညာရပ်တို့ကို ထိန်းသိမ်းနိုင်စွမ်းသော သတ္တိက အရှေ့တောင်အာရှနယ်ပယ်ရှိ လူမျိုးနှင့် နိုင်ငံအသီးသီးဖြစ်ထွန်းရေးကိုလည်း ထိန်းသိမ်းခဲ့သည်။

ထို့ကြောင့် မြန်မာနိုင်ငံတွင်းသို့ အိန္ဒိယအနွယ်ဖြစ်သော သာကီဝင်မင်းမျိုးတို့ကလည်း ဝင်ရောက်ခဲ့သည်။ တရုတ်ကလည်း ဝင်ရောက်ခဲ့သည်။ သမိုင်းအလိုအားဖြင့် တရက်ဟုခေါ်သော (Turks) တို့လည်း

mgyoe.com

mgyoe.com

ဝင်ရောက်ခဲ့သည်။ လူမျိုးအရင်းစစ်ပြန်သော် တိဗက်၊ တိုင် (Tai)နှင့် တရုတ်တို့မှ နွယ်ခဲ့သည်။ ဤအထဲတွင် မွန်ခမာ ခေါ်သော လူမျိုးတို့၏ သြဇာရိပ်လည်း မကင်းခဲ့ချေ။ သို့ပါလျက်နှင့် ရခိုင်ရိုးမတောင်တန်းနှင့် အင်ဒိုမာလာယံတောင်တန်း၏ တစ်စိပ်တစ်ဒေသဖြစ်သော တောင်တန်းများက လူမျိုးအစဉ်အဆက် မပျောက်စေရန် ဖန်တီးပေးခဲ့သည်။ ထို့ကြောင့်လည်း မြန်မာဟူ၍ ယနေ့တိုင် ကျွန်ုပ်တို့ကို ကျွန်ုပ်တို့ ကင်ပွန်းတတ်နိုင်ခြင်းဖြစ်သည်။

ယခုခေတ်သစ်၌ကား မြန်မာ့ယဉ်ကျေးမှုသည် အနောက်ကို မျှော်ခဲ့ကြရာမှ အိန္ဒိယကို အရာကြီး'တော်'၍ တရုတ်ကို 'ပေါက်ဖော်' သားချင်းဟု 'အမျိုးစပ်' ကြရပြန်ချေပြီ။

ထို့ကြောင့်လည်း ယနေ့၌ ကျွန်ုပ်တို့သည် အိန္ဒိယ မြန်မာယဉ်ကျေးမှု၊ တရုတ် မြန်မာယဉ်ကျေးမှု စသည်တို့ကို ပြောဆိုနေကြခြင်းဖြစ်သည်။ ထိုယဉ်ကျေးမှု အလဲအလှယ်စကားများ၏နောက်တွင် နိုင်ငံရေးအာသီသတို့ ပါဝင်ကောင်း ပါဝင်ကြပေလိမ့်မည်။ နိုင်ငံရေးသမားတို့က ယဉ်ကျေးမှုတို့ တင်းတိမ်ပမာ ခြုံလွှမ်း၍ နိုင်ငံရေးအကြံ မည်သို့ပင် ကြံကြစေကာမူ ကျွန်ုပ်တို့၌ ပထဝီဝင်က အထောက်အပံ့ပြုသောကာကွယ်ချက်တို့ကို အနုပညာသတ္တိဖြင့် ဆက်လက်ထိန်းသိမ်းနိုင်ပါက အနောက်အိန္ဒိယ၏ယဉ်ကျေးမှုနှင့် အရှေ့တရုတ်ပြည်၏ ယဉ်ကျေးမှုတို့ကြောင့် ပုဂံခေတ်ယဉ်ကျေးမှုကြီး ထွန်းကားလာသကဲ့သို့ ပြည်ထောင်စုယဉ်ကျေးမှုလည်း ထွန်းကားလာနိုင်ဖွယ် ရှိပေသည်။

နိုင်ငံရေးသမားအဖို့ အာဏာသည်အရေးကြီးသည်။ အနုပညာသမားအဖို့ ယဉ်ကျေးမှုသည် အရေးကြီးပေသည်။ အာဏာဟူသည်မှာ နေ့မြင်ညပျောက်သဘောရှိသည်။ ယဉ်ကျေးမှုကိုကား နေ့တွင်းချင်း မြင်၍မရ။ ညတွင်းချင်းလည်း မပျောက်နိုင်ချေ။ ထို့ကြောင့် အာရှ

mgyoe.com

mgyoe.com

ခေတ်ဟူ၍ ဖြစ်ပေါ်လာရန် ပဏာမပျိုးသောအချိန်၌ ကျွန်ုပ်တို့သည် ယဉ်ကျေးမှုအလဲအလှယ်ကိစ္စရပ်တို့ကို နိုင်ငံရေးအစွဲဖြင့် မကြည့်လို၊ ကျွန်ုပ်၏စိတ်၌ကား တရုတ်ဟူရာ၌ အဖြူအနီ မရှိ၊ အိန္ဒိယဟူရာ၌ အဖြူအနီ မရှိ။ တစ်နေ့သော အချိန်တွင် အရှေ့တောင်အာရှသားတို့သည် အာရှတိုက်ယဉ်ကျေးမှုအဆောက်အအုံထဲ၌ ဒူးနေရာဒူး၊ တော်နေရာတော်အဖြစ်ဖြင့် အသုံးတော်ခံကြရဦးမည်ဖြစ်ရကား အာဏာအုပ်စု နိုင်ငံရေးသမားတို့၏ ဖန်တီးပေးသော အမြင်ထက် အာရှတိုင်းရင်းသားတို့စိတ်၌ အလိုအလျောက်ပေါ်ပေါက်သော အမြင်တို့ကိုသာ တန်ဖိုးထားလိုသည်။

တစ်နေ့သောအခါ ကျွန်ုပ်သည် ထိုသဘောဖြင့် တရုတ်ယဉ်ကျေးမှုပြပွဲကြီးသို့ ရောက်ခဲ့ပါ၏။ ထိုသဘောဖြင့် တရုတ်ပြည်၏ ယဉ်ကျေးမှုကို ကြည့်ရှုသုံးသပ်ခဲ့ပါ၏။

သို့သော် တဒင်္ဂအကြည့်မျှသာဖြစ်၍ အားရတင်းတိမ် ရောင့်ရဲခဲ့သည်ဟု မရှိချေ။

တဒင်္ဂပဟာန်မျှ တစေ့တစောင်းကြည့်ခဲ့ရသည့်အကြားထဲမှ ကျွန်ုပ်စိတ်တွင် ဖြစ်ပေါ်လာသော စိတ်စေတသိတ်တို့ကို နိုင်ငံရေး၊ စီးပွားရေးဝါဒသမားတို့က လက်ခံနိုင်မှ လက်ခံကြပေလိမ့်မည်။ လက်ခံတော်မူပါဟုလည်း မတိုက်တွန်းလို။ သို့သော် ကျွန်ုပ်၏အမြင်၌ စီးပွားရေးသဘော၊ နိုင်ငံရေးသဘောတို့ကြောင့် တရုတ်ပြည်သစ်ကြီးသည် နေ့ချင်းညချင်း ပြောင်းလဲလာပြီဟု မည်သို့ပြောပြော နှစ်ပေါင်း ၂၀၀၀ ကျော်မျှ လွှမ်းမိုးခဲ့သော ဗုဒ္ဓဘာသာ၏ ယဉ်ကျေးမှုမှ လွတ်မြောက်ရန်ကား နောက်ထပ်နှစ်ပေါင်း ၂၀၀၀ ပင် ကြာကောင်းကြာပေလိမ့်မည်။ လွတ်မြောက်သည့်ခေတ် ရောက်ပြန်သော် ဤကမ္ဘာကြီးသည် ကမ္ဘာဦးသူတို့၏ ခေတ်မှအစပြု၍ အခြေပြန်တည်ရဦးမည်ဖြစ်သည်။ ဤစကား

mgyoe.com

mgyoe.com

ကို ယုံပါဟု မတိုက်တွန်း၊ မယုံသူတို့ စောင့်ကြည့်ဖို့ပင်ဖြစ်၏။

တရုတ်ပြည်၏သမိုင်း၌ ခရစ်နှစ် ၆၁၈–၉၀၅ အတွင်း ထင်ရှားခဲ့သော တန်မင်းဆက် (Tang Dyanasty) သည် ဗုဒ္ဓယဉ်ကျေးမှုသြဇာအောက်၌ သုခုမ အနုပညာရပ်များ ထွန်းကားခဲ့သော မင်းဆက်ဖြစ်သည်။ ခရစ်နှစ် ၆၁၈ ခုတွင် တန်မင်းသား လီယွန် (Li Yuan)သည် ဆူအီ (Sui)မင်းဆက်ကိုဖြတ်၍ တန်မင်းဆက်ကို တည်ထောင်သည်။ ထိုမင်းသည် တာအို (Tao)ဘာသာကို အထူးလေးစားသည်။ ဧကရာဇ်ဘုရင်ဘဝ၌ ကောင်ဇူ (Kao Tgu)ဟူသော ဘွဲ့ကို ခံယူသည်။

ထိုအချိန်တွင် အာရပ်တို့က ပါရှားဘုရင်တို့ကို လိုက်လံသုတ်သင်နေချိန်တည်း။ ပါရှားဘုရင်အနွယ်များသည် အိန္ဒိယသို့ စွတ်ရွတ်ထွက်ပြေးကြသည်။ တရုတ်ပြည်သို့လည်း ဝင်၍ အောင်းကြသည်။ ထိုအချိန်တွင် အနောက်တရက် (Western Turks)တို့ကို အရှေ့တရုတ် (Easten Turks) တို့နှင့် ရန်ဖြစ်အောင် တရုတ်လူမျိုးတို့က နည်းပရိယာယ်ဆင်ကာ တိုက်ပေးနေသောအချိန်တည်း။ သို့သော် တရက်တို့သည် တရုတ်တို့အား ဝင်တိုက်လေရာ လီယွင်က အရှုံးပေးလိုသည်။ သို့သော် သူ၏သားလီရှာ (Li Shih)သည် အရှုံးမပေးလို။ ထို့ကြောင့် အဖကသားအား ထီးနန်းရိုက်ရာ လွှဲအပ်သည်။ ဤသည်တွင် လီရှာသည် တရက်တို့ကို အောင်မြင်လိုက်၍ ဧကရာဇ်တိုင်ဆွန် (T'ai sung) ဟူသော ဘွဲ့ကို ခံယူကာ တရုတ်ပြည်၏ ယဉ်ကျေးမှုတစ်ခေတ်ကို တည်ထောင်လိုက်သည်။

တရုတ်အနုပညာပြပွဲတွင် တန်မင်းဆက်၏ အနုပညာရပ်များကို အများအပြားပြထားပေသည်။ ပန်းချီကားများ၊ ကြေးထည် ကြွေထည်များ၊ ပန်းပုများ စသည်တို့မှာ တန်မင်းဆက်ပညာသည်များ၏ လက်ရာအတော်အများပင် ပါဝင်လေသည်။

mgyoe.com

mgyoe.com

တန်မင်းဆက်ခေတ်၌ အထက်ကပြခဲ့သော ပါရှားစစ်ပြေး ဘုရင်များကြောင့် ပါရှားတို့၏အနုပညာ တစိတ်တဒေသ ဩဇာပျံ့နှံ့ခဲ့သည်။ နီပေါနှင့် ဆက်သွယ်သောကြောင့် မဟာယာနဗုဒ္ဓဘာသာ ထွန်းကားခဲ့သည်။ တရုတ်ပြည်တွင် တိုင်စွန်း၊ အိန္ဒိယတွင် ဟိရ်ဆလီဒလိတျ (Hirsa Siladitya) တို့ သံအလဲအလှယ်ပြုကြသောခေတ် ဖြစ်သည်။ သံအလဲလှယ်ပြုရာမှ တရုတ်သံတို့ကို အိန္ဒိယမင်းက သတ်ဖြတ်ပစ်သောကြောင့်၊ တရုတ်သံအမတ် ဝန်ရွှဲစီ (Wang Hsiiantice) သည် အိန္ဒိယပြည် ပါဋလိပုတ်သို့ ချီတက်တိုက်ခိုက်ခဲ့ဖူးသည်။

ယင်းသို့ အိန္ဒိယနှင့် တရုတ်တို့ ဒွေးရောယှက်တင်ရှိခဲ့ရာမှ ရွှံစံ (Hsuan Tsang) အိဆင် (I Tsing) ချီအီ (Chih I) စသော ဗုဒ္ဓဘာသာဝင် တရုတ်ခရီးသည်တို့ အိန္ဒိယတစ်ခွင် နှံ့နှံ့စင်အောင် လှည့်လည်ကြသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာသည် တရုတ်မူရင်း တာအိုနှင့် ကွန်ဖြူးရှပ်ဘာသာတို့၏ အတိုက်အခံကို ကျော်နင်းကာ တရုတ်ပြည်၌ ပျံ့နှံ့ခဲ့သည်။ အိန္ဒိယပြည် နာလန္ဒတက္ကသိုလ်နှင့် ဆက်စပ်နိုင်ခဲ့သည်။ ဗုဒ္ဓမြတ်စွာ၏ ပိဋကတ်တော်တို့ကို တရုတ်ဘာသာပြန်ခဲ့သည်။ ဟိနယန်ဂိုဏ်း၏ အဘိဓမ္မာကိုလည်း ဘာသာပြန်သည်။ ဝိနည်းအရာ၌ မဟာယန်ဂိုဏ်း၏ မူလသာဝတ္ထိဝါဒအလို ဝိနည်းကျမ်းတို့ကို ဘာသာပြန်သည်။ သုတ္တန်ကျမ်းများတွင် သဒ္ဓမ္မပုဏ္ဍရိကသုတ်ကို ဘာသာပြန်သည်မှာ အလွန်ကျော်စောထင်ရှားခဲ့လေသည်။

ယင်းသို့ ဗုဒ္ဓယဉ်ကျေးမှုဩဇာပျံ့နှံ့ချိန်တွင် တရုတ်ပြည် အနုပညာလည်း ထွန်းကားလာလေသည်။ (Buddhist Art) ဟု ခေါ်သော အနုပညာမှာ အာရှအလယ်ပိုင်းမှ လာသည်။ ၎င်းတို့မှာ ပါရှားပြည် အနုပညာ၏ အရိပ်အာဝါသ မကင်းခဲ့ချေ။ သို့ရာတွင် အာရှအလယ်ပိုင်း၏ အနုပညာကို စေ့ငုပြန်သော်... တောင်အာဖဂန်နစ္စတန်နယ်မှ ဖြစ်ထွန်း

mgyoe.com

mgyoe.com

လာသော ဂန္ဓရ (Gandharan Art) အနုပညာ၊ ထိုမှတစ်ဆင့် အိန္ဒိယ ရောက်သော် မတူရ (Mathuran Art) အနုပညာ၊ ထိုမှတစ်ဆင့် ဂုပ္ပတ (Gupta Art) အနုပညာ စသည်တို့ ရောနှောနေပြန်သည်။ ပါရှား၏ ဩဇာလွှမ်းသည်ဟု ဆိုသောကြောင့် ပါရှားအနုပညာကို စစ်ကြည့်သော် ရောမဘိုင်ဇင်တိုင် (Romano Bygantine Art) အနုပညာ အသက် အငွေ့ကိုလည်း တွေ့ရပြန်သည်။ ထို့ကြောင့် တရုတ်ပြည်၌ အရှေ့ အနောက် အနုပညာရပ်တို့ အဆိစုဍ်နေသည်ဆိုလျှင် မမှားချေ။

အထူးသဖြင့် တန်မင်းဆက်၌ မင်းဟွန် (Ming Huan) ဘုရင်၏ မိဖုရားယံကွေဖေး (Yang Kuei Fei) သည် ပန်းချီအနုပညာ၏ နာယက တစ်ဦးဖြစ်လေရာ ထိုမိဖုရား၏ အားပေးအားမြှောက်ပြုချက်ကြောင့် တွန်ဟွာ (Tung Huang Grottos) ဂူ အတွင်းရှိ ရုပ်ပွားတော်တစ်ထောင် ဆေးရေးပန်းချီများသည် ယခုခေတ်တိုင် ထင်ရှားလျက်ရှိပေသည်။ တရုတ်အနုပညာပြပွဲ၌ ထိုရုပ်ပွားတော်တစ်ထောင်ရှိရာ တွန်ဟွန်ဂူမှ ပိုးထည်ပေါ်တွင် ဆေးခြယ်ထားသော ရုပ်ပုံနမူနာများကို ပြသထား လေသည်။ ဗုဒ္ဓဝင်ကားများဖြစ်ရကား ဖွားတော်မူခန်း၊ ဘုရားဖြစ်ခန်း၊ မယ်တော်မိနတ်သား တရားဦးဟောခန်း၊ နိဗ္ဗာန်ဝင်ခန်းစသည်တို့ကို ပန်းချီဆရာသည် အံ့ဘွယ်ဘနန်းဖြစ်အောင် ဆေးခြယ်ထားပေသည်။ ထို တွန်ဟွန်ဂူရှိ ပိုးပေါင်တွင် ဆေးရေးကားများကို ပန်းချီဆရာကြီး ဝူ တောင်ဇူ (Wu Tao Tzu) ၏ လက်ရာအများ ပါသည်ဟု ဆိုစမှတ်ပြု ကြသည်။

အာရှပန်းချီကို တစ်ကြောင်းဆွဲ ပန်းချီဟု အကဲဖြတ်တို့က ဆိုကြ သည်။ တရုတ်ပန်းချီ၌ 'တစ်ကြောင်းဆွဲ' ဟူသော သဘောသည် အလွန် ပေါ်လွင်လှသည်။ ထို့ထက်ကား တစ်ကြောင်းဆွဲချင်းတူသည် ဖြစ်စေ ဦးတော့ တရုတ်ပန်းချီဆရာသည် စုတ်ကိုအလွန်နိုင်ကြောင်း ထင်ရှား

mgyoe.com

mgyoe.com

သည်။ မြန်မာနှင့် အိန္ဒိယပန်းချီ၌ အလင်းအမှောင်ကို စုတ်ဖြင့် မှုန်းသည်၊ ခြယ်သည်။ တရုတ်ပန်းချီသဘော၌ ယင်းသို့ 'မမှုန်း' ချေ။ မခြယ်ချေ။ စုတ်ကို တစ်ချက်တည်းချလိုက်ရုံမျှဖြင့် လိုရာ ပုံပန်းပေါ်လာမှုကို အထွတ်အမြတ်ထားသည်။ ဥပမာအားဖြင့် တရုတ်အနုပညာပြပွဲတွင် စုတ်တစ်ချက်တည်းဖြင့် အရုပ်ဖြစ်အောင်ရေးထားသော မြင်း၊ ကျွဲ၊ ကုလားအုပ်၊ ဖားပုံတို့ကိုကြည့်လျှင် ထိုသဘော ပေါ်လွင်လာလိမ့်မည်။

ထို့ပြင် တရုတ်ပန်းချီ၌ စုတ်ချက် မများချေ။ လိုသည်ထက်ပို၍ မရေး၊ လိုရင်းကိုသာ အဓိကထားသည်။ တရုတ်ပန်းချီနှင့် တရုတ်ကဗျာမှာ အလွန်တူသည်။ တရုတ်ကဗျာ၌ လေးလုံးတစ်ပါဒနှင့် လေးပါဒမျှ ရေးရုံမျှဖြင့် အကြောင်းအရာပြည့်စုံ၍ ကဗျာ့သဘော မြောက်အောင်ရေးသည်။ ထိုနည်းတူစွာ ပန်းချီပညာ၌ စုတ်ချက်အနည်းဆုံးဖြင့် လိုရာပုံကို ရအောင်ရေးသည်။

အရှေ့အနောက် ကမ္ဘာတစ်လွှားတွင် စုတ်ကို နိုင်အောင် ကိုင်နိုင်သူမှာ တရုတ်လူမျိုး ပန်းချီဆရာများအပြင် ဘယ်မှာမှ မရှိနိုင်ချေ။

ထိုနေ့က ပန်းချီဆရာတစ်ဦးနှင့်တွေ့၍ ၎င်းက သူသည် ဦးဘဉာဏ်၊ ဦးဘဇော် စသောသူတို့နှင့်အတူ ဘိလပ်တွင် အနောက်နိုင်ငံစနစ်ကိုသာ အလေးဂရုပြု၍ သင်ကြားခဲ့သည်။ သင်ကြားခဲ့မိသမျှ အလဟဿ ဖြစ်သည်။ အနောက်ကိုမမျှော်တဲ့ အရှေ့ပင်ရင်းကိုလိုက်ရန် ယခုမှသာ သဘောပေါက်သည်ဟု ကျွန်ုပ်ရှေ့တွင် ညည်းတွားသောဟူ၏။

အမှန်မှာ အနောက်ကိုမျှော်နေသူသည် ထိုပန်းချီဆရာသာမဟုတ်၊ အရှေ့တိုင်းသားအားလုံးဖြစ်သည်။ အနောက်မျှော်ကြည့်ခြင်းသည် မိမိပင်ကိုဗီဇဓာတ် ဆုံးရှုံးခြင်းတစ်ရပ်ဖြစ်သည်ဟု ယခုခေတ်ရောက်မှ သိစပြုလာကြသည်။ ဝါဒအရာ၌လည်းကောင်း၊ ယဉ်ကျေးမှုအနုပညာ၌လည်းကောင်း၊ အနောက်သို့ချည်း မျှော်ကြည့်ခဲ့ကြသည်။ အရှေ့၌ရှိ

mgyoe.com

mgyoe.com

သော ပစ္စည်းများကိုကား အရှေ့တိုင်းသားကိုယ်တိုင်က မသိကျိုးကျွန် ပြု၍ နေဟန်တူသည်။ ယခုမှ မိမိဥစ္စာကို မိမိပြန်လည်တူးဖော် အသုံးချ ရမှန်းသိလာကြသည်။ ထို့ကြောင့် ယခုရောက်ဆဲ ၂၀ ရာစုခေတ်အလယ် သည် အာရှယဉ်ကျေးမှုကို ပြန်လည်ဆန်းသစ်ရန် ပဏာမပျိုးသော ခေတ်တည်း။

ထိုခေတ်၏သဘောကို ကျွန်ုပ်တို့နိုင်ငံသည် ကဏ္ဍကောစ ပြုနိုင် လိမ့်မည်မဟုတ်။ အရှေ့နိုင်ငံများကို အနောက်နိုင်ငံယဉ်ကျေးမှုတို့ လွှမ်း မိုးခြင်းထက် အရှေ့နိုင်ငံယဉ်ကျေးမှုလွှမ်းမိုးခြင်းက ပို၍ သဘာဝကျ သည်။

ယဉ်ကျေးမှုတို့တွင် ဗြဟ္မစိုရ်တရားကို အခြေခံသော ယဉ်ကျေးမှု သည် ပိုမိုခိုင်မြဲ အမြစ်စွဲတတ်ပေသည်။ ဗုဒ္ဓယဉ်ကျေးမှုမှာ ထိုတရား အပေါ်၌ တည်ဆောက်ထားသည်။ စီးပွားရေးနှင့်ယှဉ်၍ ဖြစ်ထွန်းလာ သော ယဉ်ကျေးမှုသည်ကား လောဘအရင်းခံဖြစ်သည်။ မျက်မှောက်၌ အနောက်နိုင်ငံတွင် ထွန်းကားသော နိုင်ငံရေးပရမတ်ဆရာကြီးတို့၏ ရုပ်ဓာတ်တရားတို့သည် အရှေ့ဘက်တစ်လွှားရှိ နိုင်ငံရေးပရမတ်ဆရာ ကြီးတို့၏ နာမ်ဓာတ်တရားတို့ကို တွန်းလှန်ဖောက်နေဆဲဖြစ်သည်။ ဤ လွန်ပွဲကြီးမှာ ၂၀ ရာစုနှစ်မှ အစပြုသည်ဖြစ်၍ ဆုံးခန်းတိုင်မရောက်မိ မည်သူက နိုင်လိမ့်မည်ဟု ကျွန်ုပ်တို့သည် မခန့်မှန်းနိုင်သေး။ သို့ရာတွင် ရုပ်ဓာတ်တရားတို့ နွားသိုးကြိုးပြတ်ဖြစ်လာချိန်တွင် နာမ်ဓာတ်တရား တို့က ကောင်းစွာ နဖားကြိုးတပ်နိုင်ခဲ့သည်ရှိသော် လောက၏ ငြိမ်းချမ်း ရေးသည် ဖြစ်ထွန်းလာဖွယ်ရှိသည်။ အာရှနိုးကြားမှုအစဉ်သည် အရှိန် ရ၍ တလူလူတက်သွားပါလျှင် ထိုငြိမ်းချမ်းမှုသည် အကောင်အထည် ပေါ်လာလိမ့်မည်ဟူ၍ကား ကျွန်ုပ်တို့ မှန်းဆနိုင်ပေသည်။

ထို့ကြောင့် အရှေ့တိုင်းအနုပညာရှင်တို့သည် အရှေ့သို့မျှော်ကြ

mgyoe.com

mgyoe.com

ခြင်းမှာ နည်းလမ်းကျပေသည်။ သို့သော် ကိုယ်ပိုင်မှုမပျက်သော အသစ်အသစ် တိုးပွားခြင်းသည်သာလျှင် မျိုးရိုးစဉ်ဆက်ကို တည်ထောင်နိုင်ပေလိမ့်မည်။ တရုတ်ပြည်၏ ဥပမာကိုကြည့်ပါ။ ဂျင်ဂစ်ခန်၊ ကူဗလိုင်ခန် စသော ခန်မင်းကြီးတို့သည် တရုတ်ပြည်ကို တရက် (Turks)တို့၏ ယဉ်ကျေးမှုဖြင့် လွှမ်းမိုးအုံ့ဟူသော အာသီသဖြင့် သိမ်းပိုက်လိုက်ကြသည်။ ထိုအခါ တရုတ်လူမျိုးတို့က ခန်မင်းဆက်တို့နှင့်တကွ ၎င်းတို့၌ ပါလာသော ယဉ်ကျေးမှုရတနာအားလုံးတို့ကို အကြွင်းမဲ့သိမ်းပိုက်ထားလေရာ တရုတ်ပြည်သည် တရက်ပြည်ဟု ဖြစ်ပေါ်မလာဘဲ ခန်မင်းတို့သည်သာလျှင် တရုတ်ဖြစ်သွားကြသည်။

ကျွန်ုပ်တို့သမိုင်း၌လည်း ပုဂံခေတ်၌ ဗြဟ္မာကြီးတို့က ပုဂံကို အိန္ဒိယယဉ်ကျေးမှုသြဇာဖြင့် လွှမ်းမိုးလိုကြသည်။ သို့ရာတွင် ပုဂံသည် အိန္ဒိယ၏ပစ္စည်းဖြစ်မသွားဘဲ အိန္ဒိယ၏ယဉ်ကျေးမှုတို့သည် ပုဂံပစ္စည်း (မြန်မာ့ပစ္စည်း)ဖြစ်သွားခဲ့သည်။

ဤသဘောကိုထောက်ရှုလျှင် ယဉ်ကျေးမှုအရာ၌ အာရှယဉ်ကျေးမှုအနုပညာနှင့် စပ်သွယ်လာလျှင် ကျွန်ုပ်တို့ ကြောက်ရွံ့နောက်တွန့်ခြင်းဖြစ်ရန်မလို အာရှတိုက်သားတို့သည် အာရှကိုသာ မျှော်ကြရမည် ဖြစ်ပေသည်။ ။

သွေးသောက်မဂ္ဂဇင်း အမှတ် ၇၂။ ဇန်နဝါရီ၊ ၁၉၅၂။

mgyoe.com

mgyoe.com

| မန္တလေး ပန်းချီသမိုင်း |

မန္တလေးပန်းချီလောကအကြောင်း ဆောင်းပါးရှင် ကံချွန် ရေးသားဖော်ပြခဲ့သည်ကို ဖတ်ရှုရပါသည်။ လူမျိုးနှင့် နိုင်ငံတော် တိုးတက်ရေးအတွက် သမိုင်းကြောင်းသည် အရေးကြီးပါသည်။ ပြည်ပ ပယောဂအမျိုးမျိုးတို့ လွှမ်းဆော်ချက်များလေလေ ကိုယ့်လူမျိုးကိုယ့်နိုင်ငံ၏ သမိုင်းသည် အရေးကြီးလေလေ ဖြစ်ပါသည်။

သမိုင်းဟူရာ၌ နိုင်ငံရေးသမိုင်းတစ်ခုသာ အဓိကဟု မယူဆသင့်ပါ။ လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာသမိုင်းသည်လည်း အရေးကြီးပါသည်။ စင်စစ် ယင်းသမိုင်းတို့ကြောင့် နိုင်ငံရေးသမိုင်းကို တစ်ဆင့်တက်လှမ်းနိုင်ကြခြင်းဖြစ်ပါသည်။ လူမျိုး၏ ဖြစ်စဉ်ကို ဖော်ပြရာ၌ ယဉ်ကျေးမှုသမိုင်းသည် အခြေခံတစ်ရပ်ဖြစ်ရာ ပန်းချီသမိုင်းအတွက် အထောက်အထားနှင့် သဲလွန်စများ ရနိုင်စေရန် တိမ်မြုပ်နေသော အချက်အလက်တို့ကို ထုတ်ဖော်ပေးခြင်းသည် အလွန်သင့်မြတ်လှပါသည်။

စခန်းနော် လိုရာကွန့်နိုင်သော နန်းမတော် ကိုကြာညွန့်ခေတ်မှ စ၍ ဆရာခြို၊ ဆရာအေးတို့ခေတ်အထိ ဖတ်ရှုခဲ့ရာတွင် ကျွန်တော့်

mgyoe.com

mgyoe.com

အဖို့ စာတွေ့နှင့်သာလွှမ်းရသော ပန်းချီဆရာ ဆရာမြို့ကို သတိရမိပါသည်။ ပန်းချီလောကနှင့် ဆက်စပ်နေသော သုတေသီပုဂ္ဂိုလ်တို့အဖို့ ခြေရာကောက်နိုင်ကြပါစေရန် သိသမျှ အနည်းငယ်ကို ဖော်ပြလိုက်ပါသည်။

၁၉၀၄ ခုနှစ်တွင် တဲလဗော့ကယ်လီ အမည်ရှိသော (ရေဆေး) ပန်းချီဆရာကြီးတစ်ဦးသည် မြန်မာနိုင်ငံသို့ ရောက်ရှိလာပါသည်။ သူ့ရည်ရွယ်ချက်မှာ မြန်မာတစ်နိုင်ငံလုံးကို လှည့်လည်၍ ပန်းချီရေးဆွဲရန် ဖြစ်သည်။

ထိုပုဂ္ဂိုလ်သည် ရန်ကုန်မှ မန္တလေးသို့ ရေလမ်း၊ မီးရထားလမ်း၊ ကုန်းလမ်းတို့ဖြင့် သွားရောက်ပြီးလျှင် မန္တလေးမှတစ်ဆင့် ကသာသို့ မီးရထားဖြင့် လည်းကောင်း၊ မန္တလေးမှတစ်ဆင့် ဗန်းမော်ကိုဖြတ်၍ တပိန်မြစ်ဝှမ်းသို့ သင်္ဘောဖြင့်လည်းကောင်း၊ မန္တလေးမှ လားရှိုးသို့ မီးရထားဖြင့်လည်းကောင်း၊ သီပေါမှ နမ္မတူသို့ ကုန်းကြောင်းခရီးဖြင့်လည်းကောင်း သွားရောက်လှည့်လည်ခဲ့ပါသည်။

ထို့နောက် ရေဆေးပန်းချီကားပေါင်း ၇၀ ကျော်တို့ကို စုပေါင်း၍ 'မြန်မာ'ဟူသော အမည်ဖြင့် ခရီးသွားခြင်းအကြောင်း စာအုပ်တစ်အုပ်ကို ပြုစုခဲ့ပါသည်။ ထိုခေတ်က ထိုစာအုပ်မှာ အလွန်လူကြိုက်များသော စာအုပ်ဖြစ်လေရာ ယင်းစာအုပ်ကို မှီး၍ အတိုချုံးထားသော ကျောင်းသုံးစာအုပ် (ဝါ)ကလေးများ ဖတ်ဖို့စာအုပ်အဖြစ်ဖြင့် ပုံနှိပ်ထုတ်ဝေသည်ကိုလည်း တွေ့ရဖူးပါသည်။

ထိုပုဂ္ဂိုလ်သည် ဤကဲ့သို့အရပ်ရပ်၌လှည့်လည်ရင်း မန္တလေးပန်းချီလောကနှင့် မိတ်ဆွေဖြစ်ခဲ့သည်ဟု ယူဆပါသည်။ သူသည် ဆရာမြို့နှင့် တွေ့သောအခါ ဆရာမြို့အား သူ့အတွက် ပန်းချီနှစ်ချပ်ဆွဲပေးရန် မှာကြားပါသည်။ ထို့ကြောင့် ဆရာမြို့က 'ဘုရားရှိခိုး'ဟု အမည်ပေး

mgyoe.com

mgyoe.com

ထားသော ရေဆေးကားတစ်ချပ်၊ 'အိမ်ထောင်သုခ'ဟု အမည်ပေးထားသော ရေဆေးကားတစ်ချပ်၊ ထိုနှစ်ချပ်အပါအဝင် ပန်းချီကားများကို ရေးဆွဲပေးသည်။ ယင်းပန်းချီကားနှစ်ချပ်ကို ဖူကယ်လီရေးသော 'မြန်မာ' စာအုပ်ထဲတွင် ထည့်သွင်းပုံနှိပ်ပါသည်။

ကယ်လီ၏အဆိုမှာ ထိုစဉ်က ဆရာမြို့သည် မန္တလေးတွင် အကောင်းဆုံးပန်းချီဆရာဖြစ်ဟန်တူ၏ဟု ဆိုပါသည်။

ကယ်လီသည် မြန်မာနိုင်ငံထဲတွင် ရှစ်လကျော်၊ ကိုးလခန့် လှည့်ပတ်သွားလာခဲ့ရာ များသောအားဖြင့် တောချုံအုံကြား ဘုရားပြို၊ ဘုရားပျက်များအကြားတွင် ပန်းချီရေးဆွဲသောအချိန် များစွာကုန်ခဲ့ပါလိမ့်မည်။ ထို့ကြောင့် မန္တလေး၌ ခေတ္တစခန်းချစဉ် မြန်မာ့အနုပညာ အရပ်ရပ်တို့ကို စုံလင်စွာမြင်တွေ့သွားခဲ့သည်ဟု မယူဆနိုင်ပါ။

သူက မြန်မာနိုင်ငံထဲတွင် အနုပညာထုတ်ဖော်မှု မရှိသလောက်ဖြစ်သည်ဟု ရေးသားပါသည်။ ရုပ်စုံရေးခြယ်ခြင်းအနုပညာ၌ပင်လျှင် ပုဂံတွင်တွေ့ရသော နံရံပန်းချီကဲ့သို့ ရှေးကျမြဲကျသည်ဟုလည်း မှတ်ချက်ရေးပါသည်။

တစ်ပိုင်းတစ်စကိုသာမြင်၍ တစ်ပိုင်းတစ်စ မှတ်ချက်ချခြင်း ဖြစ်သောကြောင့် သူသည် မန္တလေးတွင် အစုံတွေ့ခဲ့ပြီဟု မဆိုနိုင်ပါ။ ထို့ကြောင့် ဆရာမြို့တစ်ဦးတည်းကိုသာ သိကျွမ်းခဲ့ဟန်တူ၏ဟု မှန်းဆလျှင် များများလွဲလိမ့်မည်မထင်ပါ။

ကယ်လီ တင်ပြသော ဆရာမြို့လက်ရာနှစ်ခုတွင် အနောက်တိုင်းမှ ရအပ်သော 'ပါစပက်တစ်'နည်းကို အတော်သေသပ်မှန်ကန်စွာ အသုံးပြုထားသည်ဟု တွေ့ရပါသည်။ စင်စစ် ထိုခေတ်က ၎င်း 'ပါစပက်တစ်' သည် မြန်မာ့ပန်းချီလောကတွင် အနယ်ထိုင်သွားပြီဟု ယူဆလိုပါသည်။ ဆရာမြို့မတိုင်မီ နှစ်ပေါင်းများစွာကပင်လျှင် ထိုနည်းနိသျှသည် မြန်မာ့

mgyoe.com

mgyoe.com

ပန်းချီဟန်ထဲတွင် ဝင်ရောက်လာပြီဟု စဉ်းစားမိပါသည်။ ဤ 'ပါစပက်တစ်' နည်းနိသျများ မည်သည့်အချိန်က အစပြု၍ ရောက်လာသည်ကို သုတေသီပုဂ္ဂိုလ်တို့ ဆက်လက်၍ စနစ်တကျသုတေသနပြုကြရန် ရှိပါသည်။

ဆရာမြို့မတိုင်မီက ပေါ်ပေါက်သော ဆရာခြံ၏လက်ရာ ပြောင်မြောက်ပုံကို အခြေပြု၍ အချိန်ကာလကို တိုင်းတာခန့်မှန်းကြည့်လျှင် အနောက်နိုင်ငံနည်းနိသျတို့ ဝင်ရောက်လာသည်မှာ အတန်ကြာပြီဟု မှန်းဆစရာရှိပါသည်။ ဘယ်လောက်ကြာသလဲဆိုသည့်ကိစ္စမှာကား ကျွန်တော်တို့ ရှာဖွေကြရပါလိမ့်ဦးမည်။

ယခု အသက်ထင်ရှားရှိနေကြသော ပန်းချီဆရာ လက်ဟောင်းကြီးများသည်လည်း မိမိတို့၏ တွေ့ဖူး ကြုံဖူးသော ပန်းချီသမိုင်းဆိုင်ရာ အချက်အလက်တို့ကို ပြုစုဆည်းပူးကြပါရန် တိုက်တွန်းလိုက်ပါသည်။

ဟံသာဝတီသတင်းစာ၊ ၂၀ ရက်၊ ဇူလိုင်၊ ၁၉၇၃။

mgyoe.com

mgyoe.com

။ စခန်းနော် လိုရာကွန့်နိုင်တဲ့ ။

လွန်ခဲ့သော စနေနေ့က ယဉ်ကျေးမှုဌာန သုတေသနအရာရှိ ဦးမင်းနိုင်သည် ပန်းချီဆရာကြီး ဦးကြာညွန့်အကြောင်းကို ဆလိုက်ထိုးပြသော ပန်းချီကားများ၏ အကြောင်းနှင့်တကွ ဟောပြောပါသည်။ စာရေးဆရာ၊ ပန်းချီဆရာ အသင့်အတင့် ရောက်ရှိနားထောင်ကြသည်။

ငယ်စဉ်က 'စခန်းနော် လိုရာကွန့်နိုင်တဲ့ နန်းမတော်ကိုကြာညွန့်သော်မှ၊ ရွှံ့ပါလိမ့် သူ့နိကာယ်'ဆိုသော တေးကို ကြားဖူးပါသည်။သို့သော် လက်ရာကို မမြင်ဖူးပါ။ ကြီးပြင်းလာသောအခါ ဦးကြာညွန့်ရေးဆွဲသည်ဆိုသော 'ထွက်တော်မူ'ပန်းချီကား တစ်ချပ် နှစ်ချပ်လောက်ကို ဓာတ်ပုံစသည်တို့၌ တွေ့ဖူးပါသည်။ ဝါသနာအလျောက် ဦးကြာညွန့်အကြောင်းကို စုံစမ်းဖူးပါ၏။ သို့သော် မည်မည်ရရ ဘာမျှမသိရပါ။ ယခု ဦးမင်းနိုင်၏ ဟောပြောချက်ကို နားထောင်ရသောအခါ ဦးကြာညွန့်၏ ပန်းချီအကြောင်းကို အတော်ကလေး စုံစုံလင်လင် သိရ၍ များစွာဝမ်းမြောက် ကျေးဇူးတင်မိပါသည်။

ဦးကြာညွန့် ကွယ်လွန်သည်မှာ နှစ်ပေါင်း ၉၀ မျှသာ ရှိသေးသည်ဟု သိရ၏။ ထိုနှစ်ပေါင်း ၉၀ အတွင်း ဦးကြာညွန့်၏လက်ရာတို့သည်

mgyoe.com

စိတ်ကူးချိုချိုစာနုပညာ

စာကောင်းပေကောင်း

မောင်ထင်

mgyoe.com

သေသပ်ကောင်းမွန်အောင် ပြုစုထားသော လုပ်ငန်းတို့သည် သာမညပင်ဖြစ်စေကာမူ လူတိုင်းက ကျေနပ်နှစ်သက်၍ စိတ်တွင် စွဲငြိကြလေသည်။ ထို့ကြောင့် စာပေအရာ၌ လက်တစ်ဝါးခန့်ရှိသော စာအုပ်ကလေးကိုပင်လျှင် တန်ဖိုးရှိသည်ဟု ယူဆကြသည်။ ယင်းကဲ့သို့ သပ်သပ်ရပ်ရပ် ကောင်းကောင်းမွန်မွန် ပြုစုထားသော စာသည် ကြီးကြီးကျယ်ကျယ် ထူးထူးခြားခြား မဟုတ်သော်ငြားလည်း ကောင်းအောင်ကြိုးပမ်းထားသောလုပ်ရပ်ကြောင့် အဖိုးတန်စာတစ်ဆူဟု သတ်မှတ်နိုင်စရာ အကြောင်းရှိသည်။

ထို့ကြောင့် စာပေလုပ်ငန်း၌ ဝါသနာပါသော ပုဂ္ဂိုလ်သည် ကြိုးစားအားထုတ်ခြင်းကြောင့် စာပေလုပ်သားဟု အများက မှတ်ယူခြင်းကို ခံရသောအခါ မိမိ၌စာပေတာဝန်မည်မျှ အရေးကြီးသည်ကို စဉ်းစားမိကြပေလိမ့်မည်။

အချို့က စာကိုရေးတာ သဒ္ဒါကိုရေးတာမဟုတ်၊ သတ်ပုံသတ်ညွှန်းကို ဂရုစိုက်စရာမလို၊ စာဖတ်သူက ကြည့်ပြီး သင့်သလို ဖတ်သွားလိမ့်မည်၊ ငါရေးချင်ရာကို အသော့ရေးလိုက်မည်၊ ဖတ်သူကကြည့်ပြီး ဖတ်ပါစေဟု ယူဆလိုက ယူဆကြလိမ့်မည်။ ဤကဲ့သို့ မိမိလုပ်ငန်းအပေါ်၌ ပြီးစလွယ်သဘောထား၍ ရေးလိုက်သောအခါ စာဖတ်သူသည် စာရေးသူအပေါ်၌ လွန်စွာ အထင်အမြင်သေးလိမ့်မည်။ ထိုအခါ ကြိုးစားပမ်းစားရေးထားသော စာ၏တန်ဖိုးသည် အမှန်တကယ်မြင့်မားသည်တိုင်အောင် "အလကားစာ"ဟူသော အဆင့်သို့ရောက်သွားနိုင်သည်။

စာကောင်းပေကောင်း

မောင်ထင်

MGH0008
1,500.00 KS

mgyoe.com

စာကောင်းပေကောင်း။ မောင်ထင်
စာမျက်နှာ ၁၃၃ မျက်နှာ၊ ၁၆ စင်တီ × ၁၈·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၅၀၀ ကျပ်

email: skccph@gmail.com ; P.O.Box: 705
www.facebook.com/SKCCmyanmarbook
www.skccmyanmarbook.com

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■

စာကောင်းပေကောင်း

မောင်ထင်

ပထမအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

မာတိကာ

– စိစဥ်သူ၏အမှာ က
၁။ သဒ္ဒတ်မတာ စတ်မတာ ၁
၂။ သခင်ဘသောင်းနှင့် အမေလေး ၁၁
၃။ ဘာသာပြန်စာပေ ၁၆
၄။ ပြင်သစ်အမျိုးသားစာကြည့်တိုက်ရှိ မြန်မာစာအုပ်များ ၂၅
၅။ အမျိုးသားစာဆို စလေဦးပုည ၃၃
၆။ စကားပြေအရေးအသား ရှေ့ဆောင်လမ်းပြများ ၃၈
၇။ သခင်ဘသောင်းနှင့် အု ၄၄
၈။ ဝါသနာအိုးများအတွက် ၅၂
၉။ ဘာရေးရမလဲ ၅၈
၁၀။ များ နှင့် တို့ ၇၀
၁၁။ ၏ ၈၁
၁၂။ ပါ ပေ ချေ လေ၏ ၈၉

mgyoe.com

mgyoe.com

၁၃။ ဝေါဟာရတို့၏ သင်္ခါရ ၁၀၂
၁၄။ စာပေကုန်ပစ္စည်း ၁၁၅
၁၅။ သိပ္ပံမောင်ဝကွယ်လွန်ခြင်း နှစ်ငါးဆယ်ပြည့်
အထိမ်းအမှတ်စာသဝဏ် ၁၂၅
၁၆။ စာကောင်းပေကောင်း ၁၂၇

❖

mgyoe.com

mgyoe.com

စီစဉ်သူ၏အမှာ

"စာကောင်းပေကောင်း"နဲ့ အခြားဆောင်းပါးတွေဟာ ခေတ်သစ်ခေတ်ဟောင်း စာနယ်ဇင်းအမျိုးမျိုးထဲက ရွေးချယ်ထားတဲ့ ဆောင်းပါးတွေဖြစ်ပါတယ်။

မြန်မာသဒ္ဒါ၊ ဘာသာပြန်၊ စကားပြေအရေးအသား၊ ဝေါဟာရတွေပြောင်းလဲလာပုံ၊ စာအုပ်ထုတ်ဝေခြင်း စတဲ့ ဆောင်းပါး ၁၆ ပုဒ်ကို စုစည်းပုံနှိပ်ထုတ်ဝေလိုက်တာ ဖြစ်ပါတယ်။

စာပေဆိုတာ ဖျော်ဖြေရေး သက်သက်မဟုတ်ပါဘူး။ စာပေရဲ့ ရည်ရွယ်ချက်ဟာ ဗဟုသုတတိုးဖို့နဲ့ လိမ္မာရေးခြားရှိစေဖို့ စာပေဆိုတာ ဖြစ်လာတာလို့ အဖေ့ရဲ့အမှာစာတစ်ပုဒ်မှာ မှတ်သားရဖူးပါတယ်၊

မျက်မှောက်ခေတ် မြန်မာစာပေလောကမှာ "ရသစာပေ" ဖန်တီးသူမျိုးဆက် အားနည်းနေတယ်လို့ ဆိုကြပြန်ပါတယ်။

မလွဲမသွေလက်ခံရမယ့်အချက်ကတော့ ရသစာကောင်းပေမွန် ဖွံ့ဖြိုးဖို့ရာ ရေးသူရောဖတ်သူပါ အားကောင်းဖို့ အရေးကြီးကြောင်း၊

mgyoe.com

mgyoe.com

ထုတ်ဝေသူတစ်ဦးရဲ့ မှတ်ချက်ကိုလည်း မှတ်သားရဖူးပါတယ်။

ဒါကြောင့် ရသစာကောင်းပေမွန် ဖန်တီးနိုင်ကြဖို့ရာ မျိုးဆက်သစ်တွေအတွက် ရည်ရွယ်ချက်နဲ့ အဖေ့ရဲ့ ဆောင်းပါးညွှန့်ပေါင်းတွေကို တူရာတူရာစုပေါင်းပြီး "စာကောင်းပေကောင်း" အမည်နဲ့ စာအုပ်ထုတ်ဝေဖို့ စီစဉ်ဖြစ်ပါတယ်။

"စာကောင်းပေကောင်း" ဆောင်းပါးတွေကို စီစဉ်ရာမှာ ၁၉၄၉ ခုနှစ်ကနေ ၁၉၉၉ ခုနှစ်အထိ နှစ်ပေါင်း ၅၀ အတွင်း စာနယ်ဇင်းအမျိုးမျိုးမှာပါရှိခဲ့တဲ့ ကျွန်တော့်အဖေရဲ့စာပေဆိုင်ရာ ဆောင်းပါးတွေကို ရွေးနုတ်ပြီး သက္ကရာဇ်အလိုက် စီစဉ်ပေးထားပါတယ်။

အဖေ့ရဲ့စာပေဆိုင်ရာဆောင်းပါးတွေကို ပုံနှိပ်ထုတ်ဝေဖို့ စာမူတွေကို ရှာဖွေစုဆောင်းလိုက်တဲ့အခါ အဆင်သင့်ရှာတွေ့တာရှိသလို အထားအသို အသိမ်းအဆည်းလွန်သွားလို့ ရှာမတွေ့တဲ့ဆောင်းပါးတွေလည်း ရှိပါတယ်။ ပုံနှိပ်ပြီးစာမူတွေ ရှာတွေ့သလို ပုံနှိပ်ပြီး စာမူတွေပျောက်ဆုံးလို့ လက်ရေးမူနဲ့ လက်နှိပ်စက်စာမူတွေကို ပြန်ရှာပြီး မိတ္တူပြန်ကူးရတာတွေကြောင့် စာမူစီစဉ်တဲ့ကိစ္စမှာ တော်တော်နဲ့ လုပ်ငန်းမပြီးဖြစ်ရပြန်ပါတယ်။ ဒါကြောင့် စာအုပ်တစ်အုပ်စီစဉ်တိုင်း အချိန်တွေကြန့်ကြာခဲ့ရပါတယ်။

အခုတော့ စာမူတွေ ပြည့်ပြည့်စုံစုံ ရှာတွေ့ပြီမို့ ရသစာပေကို ဖန်တီးကြမယ့်မျိုးဆက်သစ်တွေ၊ ရသစာပေတွေကို ဖတ်ရှုကြမယ့်မျိုးဆက်သစ်တွေဟာ ကျွန်တော့်ရဲ့ဖခင်ဖြစ်သူ ဆရာကြီးမောင်ထင် ရေးသားပြုစုခဲ့တဲ့ စာပေဆိုင်ရာ ဆောင်းပါးတွေကို လေ့လာဖတ်ရှုမှတ်သားနိုင်ကြတော့မှာ ဖြစ်ပါတယ်။ "စာကောင်းပေကောင်း"ဆိုတဲ့ ဆောင်းပါးနဲ့ အခြားစာပေဆိုင်ရာ ဆောင်းပါးတွေကို လေ့လာမှတ်သားကြရင်း ရသစာကောင်းပေမွန်တွေ ရေးသားပြုစုနိုင်စေတဲ့ စာပေသမားတွေ ဖြစ်နိုင်ကြပါ

mgyoe.com

mgyoe.com

စေလို့ ဆန္ဒပြုဆုတောင်းလိုက်ရပါတယ်။

စာမူတွေ ရှာဖွေစုဆောင်းရတာ ကြန့်ကြာနေတာကို စိတ်ရှည်သည်းခံစောင့်စားပြီး ပုံနှိပ်ထုတ်ဝေပေးတဲ့ စိတ်ကူးချိုချိုအနုပညာကဝိုင်းတော်သားအားလုံးကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ပါရစေ။

ညီကိုး
၂၊ ဇွန်လ၊ ၂၀၁၇
အင်းစိန်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

❖

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

သဒ္ဒတ်မတာ စတ်မတာ

သဒ္ဒါဆိုသည့်စကားကို နားလည်လွယ်အောင် အဓိပ္ပာယ်ဖော်ရလျှင် လူတို့စကားပြောနည်း၊ စည်းကမ်းသတ်မှတ်ချက်ကို သဒ္ဒါဟုခေါ်သည်ဟူ၍ ဆိုရပေမည်။

ကျွန်တော်တို့ ငယ်စဉ်ကနေခဲ့ဖူးသော မြန်မာစာသင်ကျောင်းတို့၌ သဒ္ဒါကို အထူးဝီရိယစိုက်၍ သင်ပေးသည်။ စိတ်အထင် ၁၉၂၆–၂၇ ခုနှစ် အထက်လောက်က မြန်မာစာသင်ကျောင်းတို့၌ မြန်မာသဒ္ဒါကို အရေးပေးသည်သာ မဟုတ်။ အင်္ဂလိပ်ကျောင်းများ၌လည်း အင်္ဂလိပ်သဒ္ဒါကို အထူးအရေးပေးသည်။ ၁၉၂၆–၂၇ မှစ၍ သည်ဘက်ခေတ်ကို ရောက်သောအခါ အင်္ဂလိပ်ကျောင်းများ၌ သင်ထုံးသင်နည်းများအတော်ပြောင်းလဲလာပြီ။ "နက်စဖီးဂရမ္မာ"၏ ရှေးရိုးသင်နည်းတို့သည် တိုင်းရင်းသားကလေးများအတွက် မသင့်လျော်။ ခေတ်မမီဟု ဆရာတို့က ယူဆပြီးလျှင် သဒ္ဒါကို သဒ္ဒါအဖြစ်နှင့် သင်ကြားမည့်အစား ဖတ်စာတို့တွင် သဒ္ဒါသင်ခန်းစာများကြားညှပ်၍ မသိမသာ သင်ပေးသည်။

mgyoe.com

mgyoe.com

ယခုခေတ်၌မူကား သဒ္ဒါအတွက် သပ်သပ်သင်ခန်းစာများကို အကျဉ်း ရုန်းနိုင်သ၍ ရုန်းပြီးလျှင် ရေးရင်း၊ ဖတ်ရင်း၊ ပြောရင်းနှင့်ပင် အင်္ဂလိပ် စာရေးထုံး၊ ပြောထုံး၊ ဖတ်ထုံးတို့ကို တပည့်များအား သင်ကြားပေးလေ သည်။ ဤနည်းသည် အင်္ဂလိပ်စာနှင့် အင်္ဂလိပ်စကားကို မြန်မြန်ဖတ် တတ်၊ ပြောတတ်သည့်နည်းဟု ပညာပါရဂူတို့ ယူဆကြသည်။

ကျွန်ုပ်မှာ ပညာပါရဂူတစ်ဦးမဟုတ်၍ ထိုနည်းစံနစ်၏အကျိုး အပြစ်ကို မဝေဖန်လိုပေ။ သို့ရာတွင် တက္ကသိုလ်ကျောင်းမှ အင်္ဂလိပ် စာပေကထိကများ ပါမောက္ခများနှင့် စကားအလျဉ်းသင့်၍ မေးကြည့် သောအခါ ယခုခေတ်သစ် တက္ကသိုလ်ကျောင်းသားတို့သည် အင်္ဂလိပ် စာ၌ သဒ္ဒါနည်းကျကျ မရေးတတ်၊ မပြောတတ်သည်ကများ၏ဟူ၍ ပြန်ပြောကြသည်။

အင်္ဂလိပ်ကျောင်းများ၌ သဒ္ဒါအတွက် သင်ခန်းစာများ တစ်စ တစ်စ နည်းပါးလာသည်ကို အတုယူ၍လော မသိ။ ယခုကာလ မြန်မာ စာသင်ကျောင်းများတွင် သဒ္ဒါနည်းကို သင်ပေးခြင်းမှာ မရှိသလောက် ပေ။ အလွန်လျှင် ရှေးသမားရိုးကျ ကျောင်းများ၌သာ သင်ကြားပေး သည်။ ထို့ကြောင့် ယခုကာလပေါ် (ဘုန်းကြီးကျောင်းများ၊ မြန်မာကျောင်း များ၌ စာမသင်ဘူးသူ) စာရေးဆရာဆိုသူတို့သည် မြန်မာစာအရေး အသား၌ ဝါကျအထားအသို မမှန်၊ သဒ္ဒါနည်းမကျ၊ အဓိပ္ပာယ်မကိုက်၊ အမှားမှား အယွင်းယွင်း ရေးသားတတ်ကြသည်။ ထို့အတွက် ၎င်းတို့ အား အပြစ်မတင်သာချေ။ ဤစာရေးသူပင်လျှင် မနှစ်က ကိုယ်ရေးသော စာကို သည်နှစ်ပြန်ဖတ်ကြည့်သောအခါ မည်မျှပင် ဂရုတစိုက်ရေးခဲ့ သည်ဖြစ်စေကာမူ သဒ္ဒါအမှားများစွာပါသည်ကို ဝမ်းနည်းပက်လက် တွေ့မိသည်။ စာလုံးပေါင်းမှားသည်ကိုမူ ကျွန်တော်ထည့်၍ မပြောလို တော့ပြီ။ အမှန်ပြောရလျှင် မြန်မာစာသင်ကျောင်း၌ နေခဲ့စဉ်က စာလုံး

mgyoe.com

mgyoe.com

ပေါင်းတစ်ချက်မှားလျှင် တစ်ချက်အရိုက်ခံရ၍လား မပြောတတ်။ သတ်ပုံအရာ၌ အထက်တန်းကျခဲ့ပါ၏။ အင်္ဂလိပ်ကျောင်းရောက်သည့်နေ့ကစပြီး သတ်ပုံအမှားမှားတို့ကို ကောင်းစွာရေးတတ်ခဲ့လေသည်။

ယခုခေတ်၌ သဒ္ဒါအကြောင်းပြောလျှင် သဒ္ဒါဆိုသည်မှာ ရေးထုံးရေးနည်း ပြောထုံးပြောနည်းဖြစ်သည်ကို သဘောမပေါက်သူတို့က ရယ်ကြပေမည်။

မြန်မာစကားပြောနည်း၌ ဝါကျအပြည့်အစုံဖြစ်ဖို့ရာ လုပ်သူ၊ လုပ်ခြင်းကိုခံရသူ၊ လုပ်ခြင်း (ကတ္တား၊ ကံ၊ ဝါစက)ဟူ၍ အစီအစဉ် ရှိသည်။ ကျွန်တော်သည် မောင်ဘကိုရိုက်သည်ဆိုရာ၌ ရိုက်သောအမှုကို လုပ်သူမှာ ကျွန်တော်ဖြစ်သည်။ ရိုက်သောအမှုကို ကျွန်တော်ကလုပ်၍ ခံရသူမှာ မောင်ဘဖြစ်သည်။ ရိုက်ခြင်းဟူသော အလုပ်ကိုပြသောစကားမှာ ရိုက်သည်ဖြစ်၏။ ယခုအခါ ခေတ်သစ်ဟူသော အကြောင်းကိုပြ၍လည်းကောင်း၊ စာပေသစ်ဟူသော အကြောင်းကိုပြ၍လည်းကောင်း၊ များစွာသော ကာလပေါ် စာရေးဆရာတို့သည် အင်္ဂလိပ်စာကိုမှီး၍ များစွာအတုယူလျက်ရှိကြသည်။ အတုယူသည့်ဆိုရာ၌ အင်္ဂလိပ်စာပေတွင် ရှိသော အတွေးအခေါ်တို့ကို အတုယူသည်မဟုတ်။ အင်္ဂလိပ်စကား၊ အင်္ဂလိပ်ရေးထုံး၊ အင်္ဂလိပ်စာကျအထားအသိုတို့ကို အတုယူ၍ရေးနေကြသည်။ ယင်းသို့ရေးသမျှစာကို လူထုလည်းကောင်းစွာ နားမလည်။ စာရေးသူချင်းချင်းလည်း ကောင်းစွာသဘောမပေါက်။ တစ်ခါတစ်ရံ ရေးသူကိုယ်တိုင်က ဘာကိုဆိုလိုမှန်းမသိချေ။

ဥပမာပြရလျှင် အထက်ပါ ဝါကျတိုကလေးကို အင်္ဂလိပ်ဆန်ဆန်ရေးကြည့်မည်။

ကျွန်တော်သည် ရိုက်သည် မောင်ဘကို။

သို့ကလို ရေးလိုက်ရုံမျှနှင့် ခေတ်သစ်စာပေဖြစ်ရတော့မလား။

mgyoe.com

mgyoe.com

သို့သော် ယခုဖြစ်ပွားနေသောစာပေမှာ သိန်းဖေမြင့်မျှော်မှန်းသော ပြည်သူ့စာပေဖြစ်ဖို့ဝေးစွ။ ရိုးရိုး မြန်မာဆန်သော စာပေပင်လျှင် မဖြစ်သေး။ အဘယ်ကြောင့်နည်း။ စာရေးဆရာဆိုသူအချို့တို့၌ မြန်မာစာအခြေခံ ညံ့ဖျင်းခဲ့ခြင်းကြောင့်တည်း။

သူတို့အခြေခံညံ့ဖျင်းသည့်အတွက် သူတို့ကိုချည်း အပြစ်တင်နေလျှင် တရားနည်းလမ်းမကျသေး။ ကျွန်ုပ်တို့မြန်မာစာ၌ အဘိဓာန်မရှိ။ ဝိဝါဒကွဲပြားသော သတ်ပုံကျမ်းများမူရှိပါ၏။ သို့သော် လူထုက ထိုကျမ်းတို့ကို မလိုက်နာ။ သဒ္ဒါကျမ်းဆိုသည်မှာလည်း ဝေလာဝေးရှေး။ ရှိသမျှသဒ္ဒါကျမ်းတို့ကား ပါဠိဆန်သော သဒ္ဒါကျမ်းမျှသာ ဖြစ်သည်။

သို့ရာတွင် ယခုစစ်ကြီးအတွင်းနှင့် စစ်ကြီးအပြီး၌ အဘိဓာန်များကို ပြုစုလျက်ရှိကြလေရာ အားတက်ဖွယ်ကောင်းလှပေသည်။ သတ်ပုံကျမ်းတို့ကိုလည်း ခိုင်မာကိုးကားညှိနှိုင်းထားသော ကျမ်းစာအုပ်အချို့လည်း ထွက်ပေါ်လာ၍ အားရစရာ ကောင်းလှပေသည်။ သို့သော် သဒ္ဒါကျမ်းဟူ၍ မယ်မယ်ရရ ပြစရာမရှိသေး။

ငယ်စဉ်က စောချင်ထင်၏မြန်မာသဒ္ဒါကျမ်းကို သင်ခဲ့ဖူးပါ၏။ သို့သော် သူ၏ သဒ္ဒါမှာ စာတစ်လုံးလျှင် အဓိပ္ပာယ်တစ်မျိုးထွက်သော ဘာသာစကားအတွက် စာတစ်လုံးကို အဆာပစ္စည်းသွင်းပေးခြင်းဖြင့် အဓိပ္ပာယ်အမျိုးမျိုးပြောင်း၍ ရနိုင်သောဘာသာစကား၏ ရေးထုံးရေးနည်းများကိုမှီး၍ ယူလေရာ မြန်မာတစ်ယောက်ကို မစ္စတာပိုက်ဟု ခေါ်ရုံမျှနှင့် အင်္ဂလိပ်မဖြစ်နိုင်သလို စောချင်ထင်၏သဒ္ဒါမှာ မြန်မာသဒ္ဒါဘယ်နည်းနှင့်မျှ မဖြစ်နိုင်၍၊ သူ့သဒ္ဒါမှာ စာသင်ခန်းများမှာ ကွယ်ပျောက်ခဲ့ရလေသည်။

ရှေးက မြန်မာသဒ္ဒါကျမ်းများရှိခဲ့သည်။ သို့သော် ထိုကျမ်းတို့မှာ သဒ္ဒါကျမ်းသက်သက်ဖြင့် တည်ရှိခဲ့သည်မဟုတ်။ အလျဉ်းသင့်ရာ...

mgyoe.com

mgyoe.com

အလျဉ်းသင့်ရာ ပျို့ကဗျာ၊ လင်္ကာများ၏အဖြေ နောက်ဆက်တွဲ၌ ရေးသားထားသည်ကများသည်။ အချို့သောပညာရှိတို့မှာ သဒ္ဒါအပြင် စကားလုံး၏ရာဇဝင်တို့ကို အတ္တနောမတိဖြင့် ရေးသားထားကြသေးသည်။ တစ်ခါတစ်ခါ ပညာရှိဆိုသူတို့ကလည်း အတော်ကလေး အယူသီးသည်။ ထို့ကြောင့် ၎င်းတို့၏ ထင်မြင်ယူဆချက်တို့မှာ တစ်ဦးတည်း၏ ထင်မြင်ယူဆချက်အဖြစ်နှင့်သာ တည်ရှိပြီး၊ နှောင်းလူတို့က နည်းဥပဒေသအဖြစ်ဖြင့် လက်ခံလိုက်နာနိုင်လောက်အောင် မဖြစ်ထွန်းခဲ့ချေ။

မြန်မာစကားမှာ Monosyllabic ခေါ် စကားတစ်လုံးအဓိပ္ပာယ်တစ်လုံးထွက်သော စကားဖြစ်သည်။ ထိုစကားရပ်တို့ကို ဝိဘတ်သွယ်ကာ စုပေါင်းစီစဉ်လိုက်ပါမှ အဓိပ္ပာယ်ထွက်သောဝါကျတစ်ခု ဖြစ်နိုင်သည်။ ကျွန်တော်သည် မောင်ဘကိုရိုက်သည်ဟူသော စကားလုံးကို စိစစ်ကြည့်ပါ။ ကျွန်ဆိုသည်မှာ မိမိကိုယ်ကို 'ကျွန်'အရာထား၍ နှိမ့်ချခေါ်သော စကားတစ်လုံးဖြစ်သည်။ 'တော်'ဆိုသည်မှာ အရှင်၏လက်သုံးတော်၊ တော်ဝင် ထီးဆန်နန်းဆန်ဖြစ်ကြောင်းပြသော ဝိသေသ စကားဖြစ်သည်။ 'သည်'ဟူသည်မှာ လုပ်သူကိုပြသော ကတ္တုကာရကအတွက် ပစ္စည်းစကားတစ်ခုဖြစ်သည်။ 'မောင်'ဆိုသည်မှာ ယဉ်ကျေးဖွယ်ရာခေါ်သော ဘမောင်ဟူသော စကားဖြစ်သည်။ ဘမှာ မောင်ဘ၏နာမည်ရင်းဖြစ်သည်။ ကိုဟူသည်မှာ ခံရခြင်းကိုပြသော ကမ္မကာရကပစ္စည်းစကားတည်း။ ရိုက်ဟူသည်မှာ တစ်စုံတစ်ခုနှင့် ပုတ်ခတ်ခြင်းကိုဟောသော စကားလုံးဖြစ်သည်။

'သည်'ဟူသည်မှာ ကတ္တားဝါစကကို ဟောသည်။ မြန်မာစကား၌ ပါဠိကဲ့သို့ အဟံဟူသော ပုဒ်မှ မေ မမ စသောပုဒ်မျိုးသို့ရောက်အောင် သဒ္ဒါနည်းဖြင့် မပြောင်းနိုင်၊ မြန်မာစကား၌ I ဟူသောပုဒ်မှ My.Me ဟူသောပုဒ်သို့ရောက်အောင် သဒ္ဒါနည်းဖြင့်ဆွဲမခေါ်နိုင်။ Beat ဟူသော

mgyoe.com

mgyoe.com

စကားမှ Beating.Beater.Beaten ဟူသော စကားမျိုးရောက်အောင် အင်္ဂလိပ်သဒ္ဒါနည်းဖြင့် သွယ်ယူ၍ရသော်လည်း မြန်မာသဒ္ဒါနည်းဖြင့် 'ရိုက်'ဟူသောစကားလုံးကို အင်္ဂလိပ်စကားကဲ့သို့ 'ရိုက်တား'၊ 'ရိုက်တင်း' ဟူ၍ ချဲ့ထွင်ယူရန်မဖြစ်နိုင်။

ရှေးမြန်မာ သဒ္ဒါဆရာကြီးတို့အယူသီးပုံကို ဖော်ပြဦးမည်။

သင်္သကရိုက်နှင့် ပါဠိတို့ခေတ်စားသည့်အကြောင်းကြောင့် ရှေးလူကြီးများ၏မျက်စိထဲ၌ မည်သည့်မြန်မာစကားမဆို သင်္သကရိုက်နှင့် ပါဠိမှ တိုက်ရိုက်ဆင်းသက်သည်ချည်းဟု ထင်မှတ်သည်။ သွားသည် လာသည် စသော ကြိယာတို့တွင်ပါသည့် 'သည်' ဝိဘတ်ကို ရှေးသဒ္ဒါဆရာတို့က ပဋ္ဌမာဝိဘတ်ဟုခေါ်သည်။ သည်နှင့်ဆိုင်သမျှကို ဤသို့ ရေးသားဖွင့်ဆိုသည်။

"သည်ဟူသည်၊ သိပုဒ်ပျက်၊ သိဋ္ဌိဏ္ဍကို'ဤ'ပြု။ 'သ'ကိုဤသို့ ကပ်၊ သည်ဖြစ်၏။ ဗဒ္ဓနတ္ထ၊ကြဉ်ခြင်းနက်၊ တားမြစ်ခြင်းအနက်... ဤ သည်ကို မထမာကတ္တားဟူ၍သာ ခေါ်ဆိုအပ်သည်။

ယင်းသို့ သဒ္ဒါကျမ်းကို ဖွင့်ပြသော ဆရာတော်မှာ အုတ်ဖို ဆရာတော် ဖြစ်သည်။ 'ဝိဘတ်ရသွယ် သင်္ကေတမှတ်ဖွယ်'ဟူသော စာစုတို့ကို စွယ်တော်သျှောင်ရတု (၁၈၉၇ ခုနှစ် ဟံသာဝတီထုတ်) နောက်ပိုင်း၌ ထည့်သွင်းထားသည်။

အုတ်ဖိုဆရာတော်အဖို့၌ မြန်မာဝေါဟာရ ဘယ်ဝေါဟာရ လာလာ ပါဠိ၏စက်ကွင်းမှ မလွတ်ချေ။ ဥပမာ'ကြ'ဟူသောစကားသည် ဗဟုကာရမှလာသည် ဗဟုကိုချေ။ အကိုချေ၍ ရသို့ကပ်၊ ကြဖြစ်၏။ 'တို့'ဟူသော စကားလည်း ဗဟုမှပင်လာသည်။

ဗဟု၌ဗကိုချေ၊ ဟု၌ဥကိုပြု၊ ဟို့ဖြစ်သော်၊ ဟကိုပြု၊ တို့ဖြစ် သတည်း။ အလွန်လျှင်ရှင်းသောသဒ္ဒါနည်းပါပေ။ ဤသို့သော အတ္တ

mgyoe.com

mgyoe.com

နောမတိများကြောင့် မြန်မာသဒ္ဒါကျမ်းများညှိနှိုင်းစရာ မရှိလေသလော ဟု တွေးတောစရာပေ။

အုတ်ဖိုဆရာတော်ဘုရားသည် မြန်မာဝိဘတ်များဖြစ်သော သည်၊ က၊ မှာ၊ ကား၊ တွင်း၊ ၌၊ မှာ၊ ဝယ်၊ ကို၊ သို့၊ အား၊ နှင့်၊ ဖြင့်၊ ကြောင့်၊ ၍၊ သတည်း၊ လတ္တံ့ စသောစကားလုံးတို့၏ ပြုဗ္ဗတ်ကို ပါဠိမှ ဆင်းသက်ဟန်ဖြင့် အားလုံးကို ဖော်ပြနိုင်စွမ်းရှိသည်။ ဥပမာ 'ဖြင့်' ဟူသည် 'ကရဏ'ပုဒ်ပျက်တည်း။ 'ကရဏ'ပုဒ်၌၊ က၌ 'အ'ကိုချေ၊ ဖပြု။ ဖကိုရသို့ကပ်၊ ဏ၌'အ'ကိုချေ၊ အင့်ပြု။ ဖြကိုအင့်သို့ကပ်၊ ဖြင့်ဖြစ်၏။ အလွန်ယုတ္တိရှိသောနည်း၊ အလွန်လွယ်သောနည်း။ ဤနည်း ထိုနည်း တို့ကြောင့်လည်း ယခုကာလပုဂ္ဂိုလ်များက 'သဒ္ဒတ်မတာလို့ စတ်မတာ' သည်က ခပ်ကောင်းကောင်းဟု အောက်မေ့ကြလေမလား။

ဖဦးထုပ်ဦးဖိုးစိန်ကြီး ရှိစဉ်က။ ။ မြန်မာသဒ္ဒါအတွက် အထောက်အထားများစွာ ပေးစွမ်းရှိသော ရှာဖွေစူးစမ်းချက်များ ပြုလုပ်ခဲ့သည်။ သူသည် ကျော်အောင်စံထားဆရာကို ကိုးကားလေ့ရှိသည်။

အချို့သောနေရာတို့၌ ဦးဖိုးစိန်သည် အုတ်ဖိုဆရာတော်ကဲ့သို့ အလွန်အမင်း အယူသီးသည် မဟုတ်ပါ။ ယုတ္တိယုတ္တာနှင့် ကြံဆထားသည်တို့ရှိပါ၏။ သူ၏အယူအဆကို အချို့ခေတ်မီပညာရှင်တို့က သိပ်ပြီးမကြိုက်ကြချေ။ သို့သော် ဦးဖိုးစိန်သည် မြန်မာသဒ္ဒါသင်နည်းကိုမူ ပထမဦးစွာ အုတ်မြစ်ချပေးသူဖြစ်သည်။ ကျွန်တော်မှတ်သားရဖူးသည့်ကား ဦးဖိုးစိန်၏ အမွေစားအမွေခံတို့လက်ထဲ၌ ဦးဖိုးစိန်၏သုတေသနစူးစမ်းရှာဖွေချက်တို့ ကျန်ရစ်ခဲ့သည်ဟု သိရှိရသည်။ ၎င်းတို့ကို ပုံနှိပ်ထုတ်ဝေသင့်လှလေသည်။

ဦးစွာပထမ ကြံဆောင်သူတို့သည် များသောအားဖြင့် အမှားတောထဲတိုး၍ အလုပ်လုပ်ရသူများ ဖြစ်သည်။ တဖြည်းဖြည်းတစ်စတစ်စ

mgyoe.com

mgyoe.com

နှင့် အများမှအမှန်ရောက်အောင် ပြုပြင်သွားနိုင်သည်။ ယခုခေတ်၌ ကိုးကားစရာ သဒ္ဒါကျမ်းမရှိဖြစ်၍ မြန်မာစာကိုထင်သလိုရေးနေကြရသည်။ သူတကာရေး၍မှားသည်ဟု သွေးကပြောသဖြင့် သိရပါသော်လည်း ဘာ့ကြောင့်မှားသည်ကို မပြောတတ်။ မှားချက်ကို အမှန်ရောက်အောင်လည်း မဆောင်ကျဉ်းနိုင်။ မောင်ဘသည် ဈေးသို့သွားသည်။ မောင်ဘက ဈေးသို့သွားသည်။ မောင်ဘမှာ ဈေးသို့သွားသည်။ မောင်ဘကား ဈေးသို့သွားသည်စသော စကားအသုံးအနှုန်းတို့၌ သူ့အဓိပ္ပာယ်နှင့်သူရှိကြသည်ချည်းပင်။ သို့ရာတွင် ယခုအခါ၌ သူ့နေရာနှင့်သူမှန်အောင် သုံးတတ်သောပုဂ္ဂိုလ်များ အနည်းအပါးသာ တွေ့ရလေတော့သည်။ အချို့ စာရေးသူတို့စာရေးပုံမှာ ကိုယ့်စာကိုယ်ရေးရင်း၊ ရေးရင်း၊ ကတ္တားပျောက်အောင် ရေးသည်။ တချို့သော စာရေးပါရဂူတို့ကမူ ကတ္တားနှင့်ကံခွဲခြား၍ မရနိုင်လောက်အောင် ရေးကြသည်။ ထိုရေးနည်းမှာ မိမိကိုယ်တိုင် တရားလိုဖြစ်လျက်နှင့် အချုပ်ခံရသောနည်းဖြစ်သည်။

တောရွာတစ်ရွာ၌ ရိုက်မှုဖြစ်သည်။ ရိုက်သူမှာအမြဲတမ်း ကြက်ခိုးစားသူ သာဝဖြစ်သည်။ အရိုက်ခံရသူမှာ အဘိုးကြီးတစ်ဦးဖြစ်သည်။ ထိုအဘိုးကြီး၌ ခေါင်းတွင် နှစ်လက်မခန့် ပြဲသွားသည်။ ထို့ကြောင့် အဘိုးကြီးသည် ဂါတ်သို့သွား၍တိုင်သည်။

ဂါတ်စာရေးက အဘိုးကြီး၏ခေါင်းပြဲကို ကြည့်ကာ မေးသည်။

"အဘိုးကြီး ဘာဖြစ်သလဲ"

အဘိုးကြီးက ဖြေသည်။

"ကျုပ် သာဝ ရိုက်လို့"

သို့နှင့်ပင် အဘိုးကြီး အချုပ်ခံရသည်။ အဘိုးကြီးသည် အတီး၊ အတနှင့်မို့ ဘာမျှမပြောတတ်။ သို့သော်အတော်မခံချင်ဖြစ်သည်။ ထို့ကြောင့်–

mgyoe.com

mgyoe.com

"ကျူပ် သာဝရိုက်တာနဲ့ ဘာလုပ်ချုပ်ထားသလဲ" ဟု ဒေါပါပါနှင့် ဂါတ်စာရေးကို မေးသည်။

ဂါတ်စာရေးက "အေးလေ၊ ခင်ဗျားက သာဝကို ရိုက်တော့ အချုပ်ခံရတာပေါ့လဗျာ့' ဟု ဖြေသည်။

"မဟုတ်ပါဘူးလေ။ ကျူပ်ကို သာဝရိုက်တာလို့ ပြောတာ" အဘိုးကြီးက မကျေမချမ်းနှင့် စောဒကတက်ခါမှာ ဂါတ်စာရေးက သဘောပေါက်ပြီး အဘိုးကြီးကို လွှတ်လိုက်သည်။

အင်း... ရေးသာ ရေးရတယ်။ ကိုယ့်စာလည်း သဒ္ဒါနည်းမှကျ ရဲ့လား မသိပါဘူး။ "ကျူပ် သာဝရိုက်လို့" ဆိုတာလိုဖြစ်နေမှာလား။

သွေးသောက်မဂ္ဂဇင်း၊
အမှတ် ၄၆၊ နိုဝင်ဘာလ၊ ၁၉၄၉။

❖

mgyoe.com

mgyoe.com

အမေလေး
သခင်မသောင်း

AN ADAPTATION FROM
'A PAIR OF BLUE EYES'
BY THOMAS HARDY

ရောဝတီစာပေတိုက်၊အမှတ် ၁၆၀၊ ၃၄ လမ်း၊ ရန်ကုန်မြို့။
တန်ဖိုး ၃/ ထုတ်ဝေသည့်ခုနှစ်မပါ။

mgyoe.com

mgyoe.com

သခင်ဘသောင်းနှင့် အမေလေး

၁၉၃၇ ခုနှစ်လောက်က သခင်ဘသောင်းသည် "ပန်းသာမစာဥ"ကို ရေးခဲ့သည်။ ကျွန်တော်လည်း "ပန်းသာမစာဥ"အတွက် နိဒါန်းရေးခဲ့သည်။

ဤ ၁၉၅၀ ပြည့်နှစ်၌ သခင်ဘသောင်းသည် ၁၉၃၇ ခုနှစ်က သခင်ဘသောင်း မဟုတ်တော့ပြီ။ ကျွန်တော်သည်လည်း ၁၉၃၇ ခုနှစ် မောင်ထင်မဟုတ်တော့။

ကျွန်တော်တို့သည် များစွာပြောင်းလဲခဲ့လေပြီတကား။

ကျွန်တော်မှတ်မိပါသေးသည်။ "ပန်းသာမစာဥ"ကို နိဒါန်းရေးစဉ်က–

သို့သော် ဤ၌စကားအလျဉ်းသင့်၍ ဖြတ်ပြောရဦးမည်။ "ပန်းသာမစာဥ"မှာ "ပန်းသာမစာဥ" မဟုတ်။ "ပန်းသာမခါဥ" ဖြစ်သည်ဟု ကျွန်ုပ်မှတ်မိဖူးသည်။ သခင်ဘသောင်းရေးသော "ခါ"မှာ "စာ"နှင့် တူလေရာ "ပန်းသာမစာဥ"ဟု အမည်တွင်သွားသည်။ ထိုစဉ်က ထိုစာအုပ်ကို ကျွန်တော့်သဘောအရ "ဥ" ဟု အမည်ပေးသည်။ သို့သော် ထိုခေတ်က ယင်းသို့စကားတုံးတိတစ်လုံးတည်း အမည်ပေးလျှင် စာ

mgyoe.com

mgyoe.com

ဖတ်သူတို့က ခံတွင်းတွေ့ချင်မှတွေ့မည်။ ထို့ကြောင့်ပေလောမသိ၊ စာအုပ်ထွက်သောအခါ "ပန်းသာမစာဥ"ဟူသော အမည်နှင့်ထွက်လာသည်။

ထိုသို့ "ပန်းသာမစာဥ"၏ နိဒါန်းကို ကျွန်တော်ရေးစဉ်က သခင်ဘသောင်းသည် ဝမ်းနည်းဖွယ်၊ ပူဆွေးဖွယ်၊ လွမ်းဆွတ်ဖွယ်ကြားထဲမှ ဟက်ဟက်ပက်ပက် ရယ်ခဲ့သည်။ ဟက်ဟက်ပက်ပက်ရယ်သည့်ကြားထဲမှ သခင်ဘသောင်း၏မျက်စိ၌ မျက်ရည်ဥ၍ နေသည်ဟူသော ဥပမာကို ကျွန်တော်သုံးခဲ့သည်။

သို့သော် သခင်ဘသောင်းသည်။ "အမေလေး"၌ "ပန်းသာမစာဥ"၏ သခင်ဘသောင်း မဟုတ်တော့ပြီ။ "အမေလေး"၌ ရယ်စရာထွေ တစ်ပြုံကြီး ရှိသည်။ သို့သော် သခင်ဘထောင်းသည် ဟက်ဟက်ပက်ပက် မရယ်။ ငိုစရာများလည်း တစ်ပြုံတစ်ခေါင်းကြီး ပါသည်။ သို့သော် ဟက်ဟက်ပက်ပက် ငိုဖို့ဝေးစွ မျက်ရည်မျှပင် မစို့တော့ချေ။

အို ချစ်စွာသောစာရှုသူ၊ အသို့နည်း စာရေးဆရာကောင်းတို့မည်သည်လွမ်းစရာရှိက ပစ်၍လွမ်းအောင်၊ ငိုစရာရှိတာပစ်၍ ငိုအောင် ဒေါသဖြစ်စရာရှိက စာဖတ်ရာမှထ၍ ချချင်အောင်၊ ချစ်စရာရှိက ကမ်းကုန်အောင်ချစ်လာအောင်၊ မုန်းစရာရှိက တောက်တောက်ခါးခါး မုန်းသွားအောင်၊ အဲသည်လို ရေးနိုင်မှကောင်းသည်မဟုတ်လော။ ဝတ္ထုကောင်းတို့ မည်သည်လူတို့၏ ဖသေဘာ ဖဿ စေတသိက်တို့ကို ထိုးနိုင်၊ ဆွနိုင်၊ ကလိနိုင်မှ ကောင်းသည် မဟုတ်လော။

ယခုတော့ဗျာ ဖတ်ပဲကြည့်စမ်းပါ။ မရွှေခင်ကို တစ်ဖက်သတ်ကြိုက်နေသော သာအိမှာ သူအတို့ ဘယ်ပုံကြိုက်နေသည်ကိုမျှ စာရှုသူအား အဖက်လုပ်၍ မပြော၊ သူ့သင်္ချိုင်းထဲမှာသာသူ မွေ့လျော်နေရသည်။ အမှန်မှာ သာအိသည် မရွှေခင်ကို သေလုအောင်ကြိုက်သည်။

mgyoe.com

mgyoe.com

သို့သော် သူသည် သေလုအောင်ကြိုက်ပါကြောင်းကို ပါးစပ်မှထုတ်ဖော်၍ မပြောဘဲ ဇာတ်ကြောင်း ပန္နက်မရိုက်ရသေးခင် သေလိုက်ရသည်။

နောက်တစ်ယောက် မောင်စံမင်းဆိုသူက မရွှေခင်၏မေတ္တာကို ပထမဦးစွာ ခံယူသည်။ အချစ်ဦးဖြစ်သောကြောင့် ပန်းတို့ကို ပန်သင့်သည်။ သို့သော် ဒီငနဲကလည်း အူကြောင်ကြောင်ပင်။ သူ့အနမ်းက စိတ်ကူးမယဉ်။ အနမ်းခံရသောပါးက အရိုင်းသက်သက်၊ မောင်စံမင်းကလည်း အ သို့နှင့်ပင် မောင်စံမင်းလည်း ကျန်ရစ်ဖြစ်ရလေတော့သည်။ မောင်စံမင်း၏မထိတထိအနမ်း။

လာပြန်ချေသေးသည်။ လောကအကြောင်း မသိသော အယ်ဒီတာ ဦးရဲဒင်။ သူလည်း ရည်းစားနှင့်တွေ့၍မှ နမ်းရသည့်ကိစ္စကို နားမလည်ဘဲ စာကိုသာ ဝေဖန်ရသောအယ်ဒီတာတစ်ဦးဖြစ်ရာ ယောင်ချာချာဝေဖန်သမားပီပီ သူ့ရည်းစားဦးကို သူတစ်ပါးက အရင်နမ်းသွားသည့်အတွက် သူ့ရည်းစားနှင့်တကွ လောကကြီး တစ်ခုလုံးပါ ပွဲကျသွားသည်ဟု အယူရှိသူဖြစ်သည်။ ထို့ကြောင့် မောင်စံမင်း၏ မထိတထိ အနမ်းဒဏ်ကို ဦးရဲဒင်သည် မထိတထိခံရ၍ မထိတထိ မခံချိရသည်။

ယင်းသို့ ဦးရဲဒင် မခံချိမိုး စွေပုံကို မိုးကလေး တစိမ့်စိမ့်၌ စိတ်ကူးယဉ်တတ်သော အပျိုကြီးများ စိတ်ဝင်စားလောက်အောင် သခင်ဘသောင်း မရေး၊ သခင်ဘသောင်း၏စာကိုယ်၌က မောင်စံမင်း၏ မထိတထိနမ်းပုံလို–

ဥပမာ မောင်စံမင်းနှင့် ဦးရဲဒင်တို့အကြဲကိုယ်စီနှင့် မရွှေခင်ထံ သုတ်ချေတင်ရင်း မရွှေခင်၏ဂူကလေးပေါ်ဝယ် လွမ်းသူ့ပန်းခွေ ချရသည့်ဘဝသို့ ရောက်သွားပုံမှာ မထိတထိနှင့် လွမ်းစရာက မထိတထိ လွမ်းရသော အဖြစ်မျိုးပင်။ တစ်နည်း ပဋိလုံအပြန်အလှန်ပြောရလျှင် မထိတထိ လွမ်းစရာက မထိတထိရယ်စရာလည်း ဖြစ်ချေသေးသည်။

mgyoe.com

mgyoe.com

မိလှသောစကားလုံးကို ပိုင်ပိုင်နိုင်နိုင် သုံးတတ်သော စာရေးဆရာသည် ဘာစိတ်ကူးနှင့် မထိတထိ ဖြစ်ရပါသနည်း။

အမှန်မှာ ဤလူ့ဘုံသည် မထိတထိလူ့ဘုံဖြစ်သည်။ လူတစ်ဦးအနေနှင့် မိမိရည်မှန်းချက်ကို တင်းပြည့်တောင်းပြည့်ရအောင် ထိထိမိမိ လုပ်ခဲ့သည် မှန်စေကာမူ အသူသည် ဤရည်မှန်းချက်ကို ထိထိမိမိရခဲ့ပါသနည်း။ ကမ္ဘာသူကမ္ဘာသားအနေနှင့် ကမ္ဘာတစ်ဝန်းလုံး လောကီနိဗ္ဗာန်ထူထောင်ရန် ကမ္ဘာဦးကစ၍ ယခုတိုင် ကြံဆောင်ကြသည်။ ဘယ်ရာဇဝင်၊ ဘယ်သမိုင်း၌ ဘယ်လောကီနိဗ္ဗာန်ကို ဘယ်ခေတ်က ဘယ်သူသည် ဘယ်လိုထိထိမိမိ ထူထောင်နိုင်ခဲ့ပါသနည်း။ ထူထောင်နိုင်ခဲ့ရိုးမှန်လျှင် အဘယ်ကြောင့် ကျွန်ုပ်တို့ သည်ကမ္ဘာပေါ်တည်သည်ကစ၍ ယနေ့တိုင်အောင် လောကီနိဗ္ဗာန်နှင့် ပဒေသာပင်ကို တမ်းတနေကြပါသနည်း။

ရှေးက ပဒေသာခေတ်ကို မျှော်ရာမှ ပဒေသရာဇ်စနစ်ထဲဝင်တိုးခဲ့ရသည်။ ယခုတိုင် မလွတ်သေး။ (၁၉၅၀ ပြည့်ဆီကဆိုလိုခြင်း ဖြစ်သည်။) ယခုလည်း လောကီနိဗ္ဗာန်ကိုမျှော်ရင်းက အဏုမြူခေတ်ထဲဝင်ကြံရပြန်ပြီ။

ဤသည်တို့ကား လောကကြီး၌ မကြံဘဲလည်း ဖြစ်၊ ကြံလျက်နှင့်လည်း ပျက်... ဟူသော သဘောကြောင့် မဟုတ်သော။

ထိုသဘောနှင့် ထိုအရသာသည် လောကသဘောဝကို တစိမ့်စိမ့်မြည်းရင်းမှ ပေါ်လာတတ်ပေသည်။

၁၉၃၇ ခုနှစ်၌ သခင်ဘသောင်းသည် "ပန်းသာမစာဥ"တွင် လောကခံညှဉ်းပန်းနှိပ်စက်ခြင်းကို ကြံ့ကြံ့ခံနိုင်ရည်ရှိခဲ့သည်။ သို့သော် လောကခံကို သူအခဲမကြေ၊ "နေနှင့်ဦးဟ" ဟု အံကြိတ်ကာ "တေး" ခဲ့လေသည်။

mgyoe.com

mgyoe.com

၁၉၅၀ ပြည့်နှစ် သခင်ဘသောင်းကား "အမေလေး"၌ လောကစံကို "တေး"၊ အမှန်မှာ "တေး"စရာ ဘာလိုသနည်း။ လောကစံကောင်း၏ အကျင့်သည်လိုမှန်းသိပြီးနောက် သင်းကို ရန်သတ္တုရုပြုလို့ အပိုပေါ့။ ထို့ကြောင့် သခင်ဘသောင်းသည် "အမေလေး"၌ လောကစံကို ကြည့်၍ "မင့်အစွမ်း ဒါပဲလားကွဲ့"ဟုဆိုကာ မထိတထိ ရယ်လေသည်။

မထိမမိသော စကားလုံးများဖြင့် ထိမိအောင် ရေးဖို့ခက်သည်။ ထိမိသောစကားလုံးများဖြင့် မထိတထိရေးရသည်မှာသာ၍ ခက်သည်။

အနုပညာ၌ ကိုယ်ရှိန်သတ်ဖို့ အရေးကြီးသည်။ သိန္ဓောမြင်းကို ဘယ်လိုပင် အနှင်ကောင်းကောင်း၊ ဇက်မချုပ်တတ်ပါက ရပ်တန်းတွင်ရပ်နိုင်မည်မဟုတ်။ အနုပညာသမားအဖို့ Restraint ခေါ်သော ဇက်ကြိုးကို ချုပ်ကိုင်တတ်ဖို့ "အမေလေး"သည် နမူနာစာတစ်အုပ်ဖြစ်သည်။

စာတစ်အုပ်လုံး၏ မထိတထိအရေးအသားထဲမှ မရွှေခင်၏ မိန်းမသား သဘာဝသည် ထင်းထင်းကြီး ပေါ်လာသည်။ ပေါ်ပုံကို နိဒါန်း၌ ကျွန်တော်ရေးရမည်ဆိုလျှင် "အမေလေး"ကို သခင်ဘသောင်း လက်ညှောင်းခံ၍ ဘာကြောင့်ရေးခဲ့ရသနည်း။ ထို့ကြောင့် တော်ပါပြီ။ အချုပ်မှာ မထိတထိကိစ္စများကြောင့် "အမေလေး"သည် စာတတ်သူ၏ စိတ်ထဲသို့ စိမ့်၍စိမ့်၍ ဝင်လိမ့်မည်ဟု ထင်ပါသည်။

❖

ဆရာကြီးသခင်ဘသောင်း၏ "အမေလေး" ဝတ္ထုစာအုပ်အတွက် ဆရာမောင်ထင်ရေးသားခဲ့သည့်အကဲဖြတ်နိဒါန်း ဖြစ်ပါသည်။ အကဲဖြတ်နိဒါန်း အရ ၁၉၅၀ ပြည့်နှစ်တွင် ရေးသားခဲ့သည်ဟု ခန့်မှန်းရပါသည်။

mgyoe.com

mgyoe.com

ဘာသာပြန်စာပေ

ယခုတလော တက်ခေတ်လူငယ် စာရေးဆရာအပေါင်းတို့က စာပေသစ်ဟူ၍ ကြွေးကြော်နေရင်း မတ်တတ်၊ ခရစ်တော် သက္ကရာဇ် ၆၀၀ နှင့် ၁၆၀၀ အကြားတွင်ပေါ်ခဲ့ဖူးသော "တစ်ထောင့်တစ်ည" ကဲ့သို့သော ရှေးဟောင်းစာများ၊ ခရစ်နှစ် ၁၈၀၀ တွင်ပေါ်ပေါက်ခဲ့သော ဗစ်တာဟူးဂိုးနှင့် ရောဘတ် လူဝီစတီဗင်ဆင်တို့၏ စာများနှင့်တကွ၊ အယ်လက်ဇန္ဒါဒူးမား၊ ချားလိစ်ဒစ်ကင် စသည့်စာများကို ဘာသာပြန်၍ ပုံနှိပ်ထုတ်ဝေ ရောင်းချလျက်ရှိသည်မှာ အတော်ထူးခြားသည်။

ထို့ပြင်လည်း ဘာသာပြန်စာပေအသင်း၏ ဝတ္ထုရွေးချယ်ရေးအဖွဲ့က "အဆင့်အတန်းလည်းမမီ အဆင့်အတန်းမီပြန်ပါကလည်း အစွန်းထွက်စရာများရှိသည်"ဟူသော အကြောင်းပြချက်ဖြင့် ဤနှစ် စာပေဗိမာန်ဆုကိုမပေးဟူ၍ ဆုံးဖြတ်သည်ကို "ဘာကြောင့်အဆင့်အတန်းမမီရမည်နည်း"ဟု ပြန်လှန်စောဒကတက်နေသည့်အကြား၌ ဘာသာပြန်စာအုပ်များ တစ်အုပ်ပြီးတစ်အုပ်အရောင်းရတွင်ခြင်းမှာလည်း အတော်ပင် ထူးခြားပေသည်။

ရှေးခေတ်က (ရှေးခေတ်ဟုဆိုသော်လည်း ၁၉၂၀–၄၀ အတွင်းလောက်က) ဘာသာပြန်ဟုဆိုလျှင် စာဖတ်သူများ မဖတ်ချင်ဟူသော အကြောင်းကို ပုံနှိပ်ထုတ်ဝေသူတို့က ပြုကြသည်။ ကျွန်ုပ်မှာ ထိုအကြောင်း

mgyoe.com

mgyoe.com

ပြချက်မျိုးကို လက်မခံလိုပေ။ သို့သော် လက်မခံ၍မဖြစ်ချေ။ အကြောင်းမူကား ပုံနှိပ်စက်မှာ ကျွန်ုပ်တို့လက်ထဲတွင်ရှိသည်မဟုတ် ပုံနှိပ်ထုတ်ဝေသူ၏လက်ထဲ၌သာ ရှိသည်။

ထိုစဉ်က ဘာသာပြန်စာပေများ မစွန်ခဲ့သည်မှာ အကြောင်းအမျိုးမျိုးရှိသည်။ ၎င်းတို့မှာ...

(၁) ဘာသာစကားကို မနိုင်သောကြောင့် မြန်မာလိုပြန်ရာ၌ စကားဖုထစ်ခြင်း၊ အဓိပ္ပာယ် ဖုထစ်ခြင်း၊ မြန်မာစာရေးပါလျက်နှင့် အင်္ဂလိပ်ဆန်လွန်း၍ စာဖတ်သူတို့ နားမလည်နိုင်ခြင်း။

(၂) နိုင်ငံခြားနာမည်များမှာ မြန်မာ့နားထဲတွင် ကဏ္ဍာသုခ မဖြစ်လေသောကြောင့် ဇာတ်လိုက် မည်သူမည်ဝါ စသည့်တို့ကို စာဖတ်သူက မှတ်မိအောင် မနည်းကြိုးစားယူရခြင်း။

(၃) ပီမိုးနင်း၊ ရွှေဥဒေါင်း၊ ရွှေသဇင်၊ မောင်သစ္စာ၊ ညာဏ၊ ဇေယျ၊ မဟာဆွေစသော မြန်မာစာရေးဆရာတို့က မြန်မာ့ညာဏ်ကိုပေါ်အောင် မြန်မာဆန်ဆန်ရေးကြ သားကြသည့် စာညွှန့်၊ စာဖူးများကလည်း မြန်မာ့အကြိုက်ကို ဖန်တီး၍ ပေးနေနိုင်သေးသောကြောင့် မြန်မာ့အတွေးအခေါ်၊ အယူအဆ၊ ယဉ်ကျေးမှုများမှာ ခေတ်စားလျက်ပင် ရှိခြင်း။

ထိုအကြောင်းချင်းတ, တစ်စိတ်တစ်ဒေသတို့ကြောင့်၊ ဘာသာပြန်စာများမှာ ပွဲမတိုးနိုင်ဟုဆိုလျှင် များးစွာမှားနိုင်မည် မဟုတ်ချေ။

သို့ပါသော်လည်း အဘယ့်ကြောင့် ရွှေဥဒေါင်း၏ ရူပနန္ဒသည် မြန်မာ့လက်သုံးပုံပြင်ကြီး တစ်ရပ်အနေနှင့် ထွန်းကားခဲ့ပါသနည်း။ သို့ပါသော်လည်း အဘယ့်ကြောင့် ရွှေဥဒေါင်း၏ စုံထောက် မောင်စံရှားသည် မြန်မာ့အကြိုက်ဖြစ်ခဲ့ရပါပေသနည်း။

ဤအချက်တို့ကို စဉ်းစားပြန်သော် မည်သည့်ဘာသာပြန်စာပေကိုမဆို ဘာသာပြန်ဟူ၍ မမှတ်မိနိုင်လောက်အောင် မြန်မာဆန်ပုံရိုက်၍

mgyoe.com

mgyoe.com

သွင်းနိုင်လျှင် ထိုခေတ်ကပင်လျှင် ဘာသာပြန်စာပေများထွန်းကားနိုင်ခဲ့ပေမည်ကို အကြောင်းအား သိသာနိုင်ပေမည်။

မောင်ရင်မောင် မမယ်မ, ဝတ္ထုကို မြန်မာ့စရိုက် မြန်မာ့ဉာဏ်ပေါ်အောင် ရေးလိုက်သောအခါ မည်သူကမျှ ထိုဝတ္ထုသည် ဒူးမား၏မွန်တီခရစ္စတိုမြို့စားကြီး၏ ဝတ္ထုဖြစ်သည်ဟု မဆိုနိုင်တော့ချေ။

ထိုကြောင့် ထိုခေတ် ထိုအခါအတွက် ဆိုရလျှင် မည်သည့်နိုင်ငံခြားစာပေကိုမဆို မြန်မာစာ တတ်သူတို့အဖို့ ကောင်းစွာသဘောပေါက်အောင် မြန်မာ့အသုံးအနှုန်း၊ မြန်မာ့ဓလေ့၊ မြန်မာ့ဉာဏ်၊ မြန်မာ့အဖွဲ့အနှုန်းတို့ဖြင့် ကောင်းစွာပြန်လည်ပြုပြင်နိုင်သည်ရှိသော် ဘာသာပြန်စာပေများမှာ ထိုခေတ်ကပင်လျှင် ထွန်းကားနိုင်ပေမည်။

သို့သော် ထိုခေတ်က ထုတ်ဝေသူများမှာ အနုပညာသမား၊ စာပေသမား၊ ဗဟုသုတသမား၊ သုတေသီသမား မဟုတ်ကြချေ။ ၎င်းတို့သည် စာပေ၌ မွေ့လျော်တတ်သောမြန်မာစရိုက်ကို လက်ဝါးကြီးအုပ်၍ စာပေဝါသနာပါသူတို့ လက်တည့်စမ်းကြသည်ကို အကွက်ကောင်းယူ၍ ပိုက်ဆံရှာကြသူများသာလျှင် အများအားဖြင့် ဖြစ်ကြသည်။ ထို့ကြောင့် စာကောင်းပေကောင်းအတွက် ရှေးရှု၍အလုပ်လုပ်ကြသည်မဟုတ် နေ့မြင် ညပျောက်သော ဝတ္ထုများကို ဒလဟောထုတ်ဝေပြီးလျှင် ရသမျှကြေးငွေကို လက်ဖက်ရည်ဆိုင်၌ ဖြုန်းပစ်ဖို့လောက်သာ အာသီသထားသော ထုတ်ဝေသူကများလေရာ ထိုခေတ်က မြန်မာစာပေ တိုးတက်မှုကို ရှေ့ဆောင်သည်ဟူသော သဘောမျိုးမှာ ရှားလှပေသည်။

ထိုခေတ်၌ သူရိယ သတင်းစာတိုက်၊ ဒဂုံမဂ္ဂဇင်းတိုက်၊ မြန်မာ့ဂုဏ်ရည်တိုက်၊ ဒေါ်အုန်းသင်နှင့်သားများတိုက်ဟူ၍ အစရှိသောတိုက်များက အကယ်ပင် ကြိုးပမ်းခဲ့သည်မှန်၏။ သို့ရာတွင် ထိုကဲ့သောတိုက်များမှာ တစ်မတ်တန် ဝတ္ထုများကဲ့သို့ သဲထဲရေသွန်ချသလို စာပေ

mgyoe.com

mgyoe.com

များ သွန်ချနိုင်၊ သွန်ချဝံ့ကြသည် မဟုတ်ပေ။ ထို့ကြောင့် များလှစွာသော ပုံနှိပ်တိုက်များကို စွန့်စွန့်စားစားပြုလုပ်ရန် စိတ်မကူးသည့်အပြင် အလွယ်နှင့် စာကော်ပီများ တစ်ပြုံတစ်ခေါင်းရနိုင်သောပေါ်ပင် ချစ်ခန်း၊ ကြိုက်ခန်းဝတ္ထု မတို မရှည်များကို လိုသည်ထက်ပို၍ ရနေသောကြောင့် ဘာသာပြန်ကို အရေးမထားခဲ့ပေ။

သို့ရာတွင် နိုင်ငံကျော် (ဝါ) ကမ္ဘာကျော်နိုင်ငံခြားစာရေးဆရာတို့၏ ဝတ္ထုများကို ပိုက်ဆံ မပေးရတိုင်း ခိုးချ၍ ဉာဏ်အငှားတပ်ကာ ရေးသော ဝတ္ထုများကိုမူကား ပုံနှိပ်ထုတ်ဝေသူတို့သည် ကြဲဘော်ကြဲဖက် အဖြစ်ဖြင့် ထုတ်ဝေရောင်းချကြလေသည်။

ကျွန်ုပ်သည် တစ်ခါတစ်ခါ၌ ထိုအချက်များကို ထောက်ရှုပြီးလျှင် ပုံနှိပ်ထုတ်ဝေသူများသည် ဘာသာပြန်စာပေဟူသော အချက်ကို တမင်ပင်နှိမ့်၍ ထားလေရော့သလားဟု အောက်မေ့မိသည်။

သို့သော် မိမိကိုယ်တိုင်က ပုံနှိပ်ထုတ်ဝေခြင်းကို ဘာမျှနားမလည်သေး၍ အထောက်အထား သက်သေသာဓကမရှိဘဲ အသားလွတ်မစွပ်စွဲလိုခဲ့ပေ။

ထို့ကြောင့် ကဏ္ဍလောကတည်းဟူသော လောက ကလေးထဲမှနေ၍ သခင်ဘသောင်း၏ ဆရာဝန်ပါပဲကိုလည်းကောင်း၊ ဇော်ဂျီ၏ မဟာဆန်ချင်သူကိုလည်းကောင်း အကဲခတ်မိသည်။

ထိုစာတို့မှာ စာပေမြောက်သော စာများဖြစ်သည်။ ထိုခေတ်က ပေါ်သော ဝတ္ထုများကို ဖတ်ကြသည်မှာ စာပေဆန်လို၍ ဖတ်ကြသည် မဟုတ်။ အပျင်းပြေလို၍ ဖတ်ကြသည်ကများသည်။ အပျင်းပြေစရာဟူ၍ ဖတ်ကြရာမှ စာပေနယ်သို့မတော်တဆ ရောက်ချင်ရောက်သွားမည်။ သို့သော် စာပေနယ်ထဲ မွေ့လျော်ရန် သက်သက် ရည်ရွယ်ချက်ဖြင့် ဖတ်ခြင်းကား နည်းပါးသေးသည်။ စာပေမွေ့လျော်လိုသူတို့အဖို့၌လည်း

mgyoe.com

mgyoe.com

လယ်တီပဏ္ဍိတ ဦးမောင်ကြီးနှင့် မစ္စတာမောင်မှိုင်းတို့၏ Classic ခေါ် ရှေးရိုးစာပေမြောက်သော စာများအမြောက်အမြားပင် ရှိနေသည် မဟုတ်ပါလော။

ထို့ကြောင့် ထိုခေတ်က ဆရာဝန်ပါပဲ၊ ဘယ့်လောက် ဘာသာပြန်ကောင်းသည်ဆိုစေကာမူ မဟာဆန်ချင်သူပြဇာတ် ဘယ်လောက်ဖတ်၍ကောင်းသည်ဆိုစေကာမူ ထိုစာအုပ်နှစ်အုပ်မှာ မစွန်ခဲ့ပေ။

ယခုခါကား မြန်မာစာပေနယ်ကိုကျော်၍ ကမ္ဘာစာပေနယ်ထဲသို့ တက်ခေတ်လူငယ်များ မျှော်မှန်း၍ ကြည့်လာကြပြီ ကြည့်ရင်းကြည့်ရင်းနှင့် (က) ကမ်းစပ်ကိုရောက်ခါမျှဖြင့် ငါသည် သမုဒ္ဒရာကို မြင်လေပြီဟု အထင်ကြီးမိသော သူတို့လည်း ပေါ်ထွန်းလာ၏။ (ခ) သမုဒ္ဒရာ၏အစပ်ကိုမြင်ရုံမျှနှင့် "သြော်... အပြောကျယ်စွာတကား"ဟု အံ့သြပြီးလျှင် လက်မှိုင်ချကြသူများလည်း ပေါ်ထွန်းလာကြ၏။ (ဂ) အပြောကျယ်ကြောင်း သိလေလေ၊ ထိုသမုဒ္ဒရာကို လက်ပစ်ကူးရန် ဆန္ဒပြင်းပြလေလေဟူသော စာပေယောကျ်ားကောင်းတို့လည်း ပေါ်ထွန်းလာကြ၏။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်အဖို့ကား နောင်တစ်ခေတ်အတွက် အားတက်မိပေသည်။ နောင်တစ်ခေတ်၌ ထိုလူမျိုးသုံးစားသည် သူ့အလိုအလျောက် ဆန်ခါတင် ဖြစ်ရပေမည်။ ထိုခေတ်သို့ ရောက်သော် ရှေ့ဆက်၍ ကျွန်ုပ်တို့လူမျိုး တိမ်ကောစရာမရှိတော့ပြီ။

သို့ရာတွင် တစ်ခုတော့ဆိုလိုက်ချင်ပါသေးသည်။ "အကွန့်အတက်တွေလုပ်မနေပါနဲ့"ဟူ၍ ကျွန်ုပ်အား အော်၍ငေါက်လျှင် ခံရဖို့ပင်။ သို့သော် နည်းနည်းလျှောက်တော့ ကွန့်ပါရစေ။

ကျွန်ုပ်ရှေ့တွင် မြားနက်၊ ခါးကုန်းကြီးနှင့် တစ်ထောင့်တစ်ညတို့သည် တစ်အုပ်စီ စီလျက်ရှိကြပါသည်။ ထိုသုံးအုပ်ကိုမူအဖြစ် ထား၍ ပြောပါရစေ။

mgyoe.com

mgyoe.com

မြားနက်ဘာသာပြန်သူမှာ ဗိုလ်ဗမောင် ဖြစ်သည်။ ဗိုလ်ဗမောင်မှာ စတီဗင်ဆင်ကို ဖတ်ရင်း အင်္ဂလန်ပြည်၌ ပြည်တွင်းစစ်ခင်းပုံ၊ တစ်ဖက်နှင့်တစ်ဖက် ခြံခုန်၍သွားပုံ၊ သစ္စာဖောက်ပုံတို့ကို မှတ်သားမိလေရာ "ဩော် ငါတို့ဗမာပြည်နှင့်တူလှလေစွ"ဟု အောက်မေ့ပြီး The Black Arrow ကို ဘာသာပြန်ခြင်း ဖြစ်သည်။ ဗိုလ်ဗမောင်၏စေတနာကား ရှင်းလှသည်။ သူသည် တတ်၍ ဘာသာပြန်နေခြင်းမဟုတ်။ မြားနက်ကိုဖတ်ပြီး တရားကျ၍ ဘာသာပြန်ခြင်း ဖြစ်သည်။ သူတရားကျသလို သူ့စာဖတ်သူများလည်း တရားကျပါစေဟူသော စေတနာနှင့် ဘာသာပြန်ခြင်း ဖြစ်သည်။ ထို့ကြောင့် သူပြန်ပုံပြန်နည်းမှာ ဝတ္ထုကြောင်းသက်သက်ကို သဘောပေါက်အောင် ဘာသာပြန်ခြင်းမျှသာ ဖြစ်သည်။ သို့သော် ဗိုလ်ဗမောင်က နောက်ထပ် ဇာတ်လိုက်ဘာသာပြန်များ ထုတ်နိုင်ပုံကိုထောက်သော် စတီဗင်ဆင်၏စိတ်ကူးယဉ် ဇာတ်လမ်းသည် မြန်မာအကြိုက်နှင့် တွေ့သည်ဟု ဆိုရပေမည်။

၎င်းနောက် တက်တိုး၏ ခါးကုန်းကြီးကိုကြည့်ပါ။ တက်တိုးသည် ထိုခါးကုန်းကြီးကို စက်တင် ပုံနှိပ်နေစဉ်က ကျွန်ုပ်အား "ပိုက်ဆံရမယ့်ဟာမို့ လုပ်ရတာပဲ"ဟုပြောဖူးသည်။ လောကအကြောင်းကို နားမလည်စဉ်က ဤစကားမျိုးကြားလျှင် သူကို ကြေးစားကြီးဟု ကျွန်ုပ်အများနည်းတူလိုက်၍ စွပ်စွဲမိမည်။ သို့သော် သူခပ်သုတ်သုတ် လုပ်နေပုံကို ထောက်လျှင် ကိုယ့်လူအတော် ဘိုင်ကျနေဟန်တူသည်။ အင်းကွန်တော်ထင်သလို ဘိုင်ကျချင်မှကျမည်။ အညာသားမို့ အစိသား။ ဘာပဲဖြစ်ဖြစ်ဘိုင်ကျနေပြီဟုပင် ထားလိုက်ပါ။ ဒီလိုဆိုတော့လည်း ကိုယ့်လူက သနားစရာအကောင်းသားပဲ။

ယင်းသို့ ကျွန်တော်သည် သူ့အပေါ် ကရုဏာမိုးတွေ တဖွဲဖွဲရွာမည်။ သို့သော်လည်း ခါးကုန်းကြီးကို ဖတ်ရသောအခါ ဒေါမနဿ

mgyoe.com

mgyoe.com

ပွားမိပါ၏။ "သင်းလုပ်ပုံက ဗစ်တာဟူးဂိုးဟာ တစ်ခါတည်း ပစ်ရတော့တာပဲ။"

ကျွန်တော် ဤသို့ညည်းညူမိသည်။ သို့သော်တက်တိုး၏ အဆီရစ်နေသောမျက်နှာက...

"ပိုက်ဆံရအောင်ရေးတာဗျာ့"ဟူ၍ ဆိုလေသည်။

ကိုယ့်လူက ဒီလိုတော့လည်း သနားစရာကောင်းသားပဲ။

ဗစ်တာဟူးဂိုး၏ အဆန်းတကြယ်အံ့ဖွယ်တန်း ရေးနည်း၊ သားနည်း တို့မှာ ဤခါးကုန်းကြီးတွင် မပေါ်လာချေ။ သို့သော် ဇာတ်လမ်းကပင်လျှင် အံ့ဖွယ်ဘနန်းဖြစ်လေရာ ဖတ်သူတို့မှာ တော်တော်နှင့် စာအုပ်ကို လွှတ်ချင်မည်မဟုတ်ပေ။

သို့ရာတွင် ဤခေတ်နှင့်ဆီလျော်အောင် ဘာသာပြန်ဖို့ဆိုလျှင် မူရင်းစာရေးဆရာ၏အာဘော်ကို ထိအောင်မိအောင် ရေးဖို့လိုပေသည်။ မူရင်းစာရေးဆရာက အသက်သွင်းပေးထားသော လူ့သဘာဝအဖွဲ့ လောကသဘာဝအဖွဲ့များကို ပေါ်အောင် ဖော်ပေးရန် လိုပေသည်။ စကားအသုံးအနှုန်းမှုကား မြန်မာဆန်ပါစေ။ မြန်မာစကားကိုသာ မြန်မာနားလည်မည်ဖြစ်၍ အင်္ဂလိပ်စာပေလည်း မမြောက်၊ မြန်မာစကားလည်း မဆန်သောစကားတို့ကို မလိုလားအပ်ပေ။ ဥပမာ ချမ်းသောရေကို မြန်မာနားမလည်သကဲ့သို့ ခြောက်သွေ့သောအပြုံးမျိုးကို မြန်မာကမပြုံးတတ်ပေ။

သို့သော် ခါးကုန်းကြီးမှ တစ်ထောင့်တစ်ညသို့ ကူးပြောင်းသွားပြန်သော် အနည်းငယ်နေသား ထိုင်သား ရှိသွားရပြန်သည်။

တစ်ထောင့်တစ်ည၏စာသားမှာ မြန်မာဆန် သမားရိုးကျစကားများဖြစ်ရာ။ သို့သော် ထိုမြန်မာဆန်သော သမားရိုးကျဝေါဟာရများကိုပင် အိန္ဒိယ၊ ဣရန် 'အိဋ္ဌာန်'နှင့် အရေဗျ၊ 'အဥ္စဝီ'ပြည်များ၌ ထွန်းကားခဲ့သော အတွေးအခေါ်များကို ပေါ်လွင်အောင် ဖော်ပေးရာ၌ သခင်

mgyoe.com

mgyoe.com

ဘသောင်းက ကောင်းစွာ အသုံးချသွားပေသည်။

ဘာသာပြန်ရာ၌ အာဘော်ကိုမိအောင် ယင်းကဲ့သို့ စကားလုံးများကို အသုံးချတတ်ဖို့ လိုပေသည်။

ထို့ပြင် လူ့သဘာဝ လောကသဘာဝအဖွဲ့များကို ရေမြေလိုက်၍ ဖွဲ့ဆိုနိုင်ရန်အတွက်လည်း ဘာသာခြားတို့၏ ဓလေ့ထုံးစံအသုံးအနှုန်းကို နားလည်ထားနှင့်ဖို့ လိုပေသည်။ သခင်ဘသောင်း၏ တစ်ထောင့်တစ်ညဥ့် ဘာသာပြန်သူ၏ပင်ကိုယ်အသုံးအနှုန်းဖြစ်သော "ဆိုသဟာ" "သဟာဖြင့်" "အဲသဟာကြောင့်"ဟူသော စကားများပါရှိ၍ မူရင်းကို ဘာသာပြန်သူက လွှမ်းမိုးသွားပြီဟု အချို့က ဆိုမည်ကို ကြည့်၍ ကြားယောင်မိပါ၏။ သို့သော် ခရစ်နှစ် ၆၀၀ မှ ၁၆၀၀ အတွင်း ခေတ်စားခဲ့သော ဝေါဟာရတို့ကို ဆင်တူရိုးမှားဖြစ်အောင် တုနိုင်သည့်စကားမှာ အဆိုပါရှေးဆန်သော "အညာလေ"ကို သုံးပါမှ ပို၍ဆီလျော်ပေမည်ဟု ထင်မိသည်။

အထက်က ကျွန်ုပ်နမူနာထင်ခဲ့သော ဘာသာပြန်စာအုပ်သုံးအုပ်ကို ကြည့်ရှုမျှနှင့်ပင်။

(၁) အပျင်းဖြေစေလိုသောအာသီသ၊

(၂) အပျင်းလည်းဖြေစေ၊ ငွေလည်းရစေ ဟူသော အာသီသ၊

(၃) ငွေလည်းရစေ၊ စာပေလည်းမြောက်စေဟူသော အာသီသ။

ထိုအာသီသသုံးရပ်ကို အကြမ်းအားဖြင့် တွေ့ရပေမည်။

ကျွန်ုပ်၏အလိုကျကို ပြောပါဆိုလျှင် စာပေမြောက်သော ဘာသာရပ်ခြား စာပေများကို စာပေမြောက်အောင် ဘာသာပြန်သစေချင်သည်။

ရှေးအခါက နိုင်ငံခြားဆန်သော She ကို မြန်မာဆန်သော ရူပနန္ဒီဖြစ်အောင် ဘာသာပြန်ခဲ့သည်။ သို့သော် ထိုနည်းမှာ မူရင်းစာ

mgyoe.com

mgyoe.com

ရေးဆရာနှင့် မူရင်းစာပေက အသားမပေးနိုင်သော နည်းဖြစ်ရာ ထိုနည်းနှင့် ဘာသာပြန်ရုံမျှနှင့် ကျွန်ုပ်တို့အဖို့ အကျိုးမများသင့်သလောက် မများနိုင်ချေ။ ဤအချက်ကို ယခုခေတ် ဘာသာပြန်သူများ သဘောပေါက်လျက်ရှိကြပြီးထင်သည်။ သို့ကြောင့်လည်း ဘာသာပြန်ကို ဘာသာပြန်ဟုပြောကာ ရဲရဲဝံ့ဝံ့ ပုံနှိပ်ထုတ်ဝေနေကြပြီး မဟုတ်လော။ စာပေကို ခိုးမချဘဲ ဉာဏ်ကို အငှားမတတ် ဤသို့ ပင်ရင်းစာရေးဆရာပညာရှိတို့ကို ရဲရဲဝံ့ဝံ့ ထုတ်ဖော်နိုင်မှသာလျှင် စာပေကို ကိုင်းရှိုင်းသူဟု ခေါ်ဆိုရပေမည်။

ယခု ဤခေတ်ဘာသာပြန်ရာ၌ ဘာသာပြန်သူတို့ အဓိကထားသည့်အချက်မှာ အထက်တွင် အကျယ်ပြဆိုခဲ့သည့်အတိုင်း မူရင်းစာရေးဆရာ၏ အာဘော်ကို ထိအောင်မိအောင် ဘာသာပြန်ခြင်းပင်ဖြစ်သည်။

ဤတိုင်းပြည်တွင် စာပေသဘောအရ ပြောရလျှင် ခေတ်စမ်းခေတ်သည် မကုန်သေးပေ။ ယခုတိုင် စာပေသမားတို့သည် မြေစမ်းခရမ်းပျိုးတုန်းပင် ဖြစ်သည်။ ပျိုးနိုင်ကြပါစေဟု ဆုတောင်းလိုက်သည်။ နောင်တစ်ခေတ်၌ အသီးအပွင့် ဝေဆာသည့်အခါ တက်ခေတ်လူငယ်သည် သူကြိုက်ရာကို ဆွတ်ယူစားသုံး၍ ထိုအစာတို့မှ အာဟာရဖြစ်ကာ ကြီးထွားသန်စွမ်းပါစေ။ သို့မှလည်း ကျွန်ုပ်တို့သည် ဦးပုည၊ ဦးကြင်ဥ ပြဇာတ်တို့ကို အင်္ဂလိပ်လို ဖတ်ရပြီးလျှင် ရှိတ်စပီးယားနှင့် ရှုရီဒင်တို့၏ ပြဇာတ်ကို မြန်မာလို ဖတ်ကောင်းဖတ်ရပေလိမ့်မည်။

ကြေးမုံမဂ္ဂဇင်း။

အတွဲ ၁၊ အမှတ် ၂၊ မေလ၊ ၁၉၅၀။

❖

mgyoe.com

mgyoe.com

ပြင်သစ်အမျိုးသားစာကြည့်တိုက်ရှိ မြန်မာစာအုပ်များ

၅၃ (မြန်မာ ၅၃)
မြန်မာနိုင်ငံအကြောင်း မှတ်တမ်းအမျိုးမျိုး

(၁) မြန်မာ–အင်္ဂလိပ်ဆက်ဆံပုံ။

(၂) ရခိုင်ပြည်မှ တင်သွင်းသောကုန်စည်များနှင့် စပ်လျဉ်းသည့် အကောက်အခွန်တော်နှင့် ပတ်သက်၍ အင်္ဂလိပ်နှင့် မြန်မာအစိုးရတို့ ၁၈၃၁ ခုနှစ်တွင် ဆက်သွယ်ကြသောစာများ။ အစပိုင်းတွင် မြန်မာလို ၎င်းနောက်တွင် အင်္ဂလိပ်လိုဘာသာပြန်ထားသည်။

(၃) ရခိုင်ပြည် အင်္ဂလိပ်ဝန်ရှင်တော်မင်းကြီးထံသို့ လျှောက်ထားသော လျှောက်လွှာအမျိုးမျိုး၊ ၎င်းအနက်နှစ်စောင်မှာ အင်္ဂလိပ်လိုဘာသာပြန်ထားသည်။

(၄) ရာဇဝတ်အမှုထမ်း (ပုလိပ်) တို့ဆိုင်ရာ စည်းမျဉ်းဥပဒေများနှင့် ပြစ်မှုများဆိုင်ရာ အမိန့်များ မြန်မာလို။

mgyoe.com

mgyoe.com

(၅) အမှတ် ၃ တွင် ဖော်ပြထားသည့်အတိုင်း လျှောက်လွှာအမျိုးမျိုးများ။

(၆) ဓညဝတီပြည်ဘုရင်ခံမင်း၏ ကြေညာချက်နှင့် အမိန့်များ။ မြန်မာလို။ (ရခိုင်ပြည် အင်္ဂလိပ်ဝန်ရှင်တော်မင်းကြီးကို ရည်ရွယ်ဟန်လက္ခဏာရှိသည်။ ပြင်သစ်လို Gouverneur ဟုသာ သုံးသည်။)

(၇) ၁၈၃၁ ခုနှစ်၊ ဓညဝတီရွာသားတို့၏ သူကြီးက ထုတ်ပြန်သောအမိန့်စာ။

(၈) ရခိုင်ပြည်သူပြည်သားတို့က အင်္ဂလိပ်အကောက်ဝန်အား စွပ်စွဲသောစွဲဆိုချက်။ မြန်မာလို အင်္ဂလိပ်ဘာသာနှင့်လည်း တစ်ပိုင်းတစ်စပြန်ဆိုထားသည်။

(၉) ကလျာဏီသိမ်တော်ကြီး။ (ပြင်သစ်လိုရေးရာ၌ ကသျာဏီဟုရေးထားသည်။ သ နှင့် လ မှားနေဟန်တူ၏။) မြန်မာလူမျိုးတို့ ကိုးကွယ်သော ဘာသာဆိုင်ရာ ရာဇဝင်အကျဉ်းချုပ် အင်္ဂလိပ်လို တစ်ပိုင်းတစ်စ ပြန်ဆိုထားသည်။

(၁၀) အင်္ဂလိပ်–မြန်မာ အဘိဓာန်တစ်ပိုင်းတစ်စ၊ ၁၉ ရာစုနှစ်။ မြန်မာလက်ရေးမူ။ အနောက်နိုင်ငံဖြစ် စက္ကူနှင့်။

၅၄ (မြန်မာ ၅၄)

နေမိမင်းဝတ္ထု။

ပါဠိ–မြန်မာ နှစ်ဘာသာ။

၁၈၀၁။ မြန်မာလို၊ ပေစာ။

၅၅ (မြန်မာ ၅၅)

ကကြေပုမ်

mgyoe.com

mgyoe.com

ပြင်သစ်လူမျိုး De Burnouf ဘူရိုနုဖ်၏ လက်ရေးဖြင့် "မြန်မာလို ကျမ်းစာအုပ်၏ နာမည်ကို ထောက်ရှုလျှင် ထိုခေတ်က အလွန်လူကြိုက်များသည်ဟု ယူဆသည်။ ပေစာမှာ ဇယားပေါင်း ၂၄ ခုပါသည်။ မြန်မာအက္ခရာနှင့် ဂဏာန်းများ ဖြစ်သည်။ အောက်တွင် မှတ်ချက်များကို မြန်မာဘာသာနှင့် ရေးထားသည်"ဟု မှတ်သားထားသည်။

၁၉ ရာစုနှစ်။ မြန်မာလို ပေစာ။

၅၆ (မြန်မာ ၅၆)

နက္ခတ်ဆိုင်ရာကျမ်း။ ပုံများ၊ မြန်မာဂဏာန်းများ၊ ဗုဒ္ဓဘာသာဆိုင်ရာ အင်းစောက်များ (?) ပါဝင်သည်။

၁၉ ရာစုနှစ်။ ပါဠိလို ပေစာ။

၅၇ (မြန်မာ ၅၇)

နက္ခတ်ဆိုင်ရာကျမ်း

၁၉ ရာစုနှစ်။ ပေစာ။

၅၈ (မြန်မာ ၅၈)

ဇာတက (?)

ပါဠိ–မြန်မာ နှစ်ဘာသာ။

၁၉ ရာစုနှစ်။ ပေစာ၊ စုတ်ပြတ်နေသည်။

၅၉ (မြန်မာ ၅၉)

ဇာတက (?)(တစ်ပိုင်းတစ်စ)

၁၈ ရာစုနှစ်။ ပါဠိ–မြန်မာ ပေစာ။

mgyoe.com

mgyoe.com

၆၀ (မြန်မာ ၆၀)

ပကိဏ္ဏကခန္ဓ။

၁၉ ရာစုနှစ်။ ပါဠိ–မြန်မာ ပေစာ။

၆၁ (မြန်မာ ၆၁)

နာရဒဇာတ်။

၁၉ ရာစုနှစ်။ ပါဠိ–မြန်မာ ပေစာ။

၆၂ (မြန်မာ ၆၂)

ပဋ္ဌမပိုင်း။

၁၈ ရာစုနှစ်။ မြန်မာလို ပေစာ။

၆၃ (မြန်မာ ၆၃)

ပေမူတွင် အောက်ပါအင်္ဂလိပ်စကားနှင့် ခေါင်းစဉ်ရေးထားသည်။

'Ptinciples of morality etc. Extracted from curious kyangs or Sacred writings . W.Barnard 1831'

၁၉ ရာစုနှစ်။ မြန်မာလို ပေစာ။

၆၄ (မြန်မာ ၆၄)

ကျမ်း။

၁၈ ရာစုနှစ်။ မြန်မာလို ပေစာ။

၆၅ (မြန်မာ ၆၅)

ဘာသာရေးဆိုင်ရာကျမ်းစာ။ ကျမ်းအမည်မပါ။

mgyoe.com

mgyoe.com

၁၈ ရာစုနှစ်။ မြန်မာလို ပုရပိုက်ရေး။

၆၆ (မြန်မာ ၆၆)

ကမ္ဗဝါစာပေထုပ်၊ ကမ္ဗလွေဖြင့် ရစ်ပတ်ထုပ်နှောင်ထားသည်။

၆၇ (မြန်မာ ၆၇)

မန္တလေးမြို့ (အရှေ့ဘက်ကမ်း) မြေပုံ။

ပုရပိုက်တွင်ပုံစံများ ရေးဆွဲထားသည်။

(မြေပုံဟုဆိုသော်လည်း ယခုခေတ် မြေပုံကဲ့သို့မဟုတ် အဆောက်အဦ၊ သစ်ပင်၊ လမ်း စသည်တို့ကို ပုံစံထုတ်၍ပြသော စနစ်ပုံဖြစ်သည်။ မန္တလေးမြို့ အရှေ့ဘက်ကမ်းရှိ ရွာငယ်များ အရပ်များကို ပြထားသည်။)

၁၉ ရာစုနှစ်။ မြန်မာလို။

၆၈ (မြန်မာ ၆၈)

စာရင်းများ (?)

ဤပုရပိုက်မှာ လူစီဗွာစီယွန်က စာကြည့်တိုက်ကို လှူဒါန်းထားသော ပုရပိုက်ဖြစ်သည်။ ကင်းဝန်မင်းကြီး၏အမိန့်ဖြင့် လွှတ်တော်စာရေးတော်ကြီးတစ်ဦးက ရေးမှတ်ထားသောစာဟု မှတ်တမ်းတင်ထားသည်။

(၎င်းကို စာကြည့်တိုက်မှ ကျွန်တော်ထုတ်ကြည့်သောအခါ ဈေးနှုန်းစာရင်းဖြစ်သည်ကို တွေ့ရသည်။ မြန်မာနိုင်ငံက ပြင်သစ်ပိုင် အိန္ဒိယပြည်နယ်များသို့ တင်ပို့သော ကုန်စည်များ၏ပေါက်ဈေးနှုန်းများကို ဖော်ပြထားသည်။)

mgyoe.com

mgyoe.com

၁၉ ရာစုနှစ်။ မြန်မာလို ပုရပိုက်။

၆၉ (မြန်မာ ၆၉)

အမည်ရေးထိုးထားခြင်း မရှိသော ဘာသာရေးဆိုင်ရာကျမ်းစာ။

၁၉ ရာစုနှစ်။ မြန်မာလို ပေစာ။

၇၀ (မြန်မာ ၇၀)

ရှမ်းရာဇဝင်။

၁၉ ရာစုနှစ်။ မြန်မာလို ပုံနှိပ်စာ တရွတ်စက္ကူ။

၇၁ (မြန်မာ ၇၁)

(၁) ရခိုင်ဘုရင် မောင်ကြီးကွိဒိုင် (?) (Mongi Kwidin) မှ မတ်ဂ်ဘုရင်မုရင်တွန်ယား (?) (Muran Twanja) သို့ပေးစာ။

(မတ်ဂ်လူမျိုးတို့မှာ မဂိုအဆက်အနွယ်ဖြစ်သော ရခိုင်ကုလား တစ်မျိုးဖြစ်သည်ဟု ကျွန်တော်မှတ်သားမိပါ၏။ တတ်အပ်သေချာခိုင်လုံစွာ ပြောနိုင်အောင် သုတေသီတို့နှင့် စုံစမ်းရန် လိုသေးသည်။

(၂) ၎င်းရခိုင်ဘုရင်က ကမု (Kamu)၌ရှိသော စစ်တပ်ကိုအုပ်ထိန်းသူ အရာရှိအရာခံတို့အား ပေးသောစာ။

ဟာသ်ာရုပ် ချိပ်တံဆိပ်ခပ်နှိပ်ပါရှိသည်။

၁၉ ရာစုနှစ်။ မြန်မာလို ပုရပိုက်။

၇၂ (မြန်မာ ၇၂)

ကျမ်းအမည်မပါသော ဘာသာရေးကျမ်းစာ။

mgyoe.com

mgyoe.com

၁၉ ရာစုနှစ်။ မြန်မာလို ပေစာ။

၇၃ (မြန်မာ ၇၃)

အထက်ပါအတိုင်း ကျမ်းတစ်ပိုင်းတစ်စ များစွာ ယောင်းနွမ်းပျက်စီးနေသောပေစာ။ တစ်ဝက်တစ်ပျက်နှင့် ပေချုပ်၏အစတွင် "နမတ္တာမြတ်၊ တက်နာလှသူ"ဟူ၍ ရေးထားသည်။

၁၈ ရာစုနှစ်။ မြန်မာလို။

၇၄–၇၅ (မြန်မာ ၇၄–၇၅)

မြန်မာစာလုံးများရေးထွင်းထားသည့် ဝါးလုံးနှစ်ခုတွဲပူးချီထားသည်။

၇၄ အလျား မီလီမီတာ ၃၃၀၊

အချင်း ၇၀။

၁၈ ကြောင်းရေး။

၇၅ အလျား မီလီမီတာ ၄၁၀၊

အချင်း ၄၀။

၁၂ ကြောင်းရေး။

၇၆ (မြန်မာ ၇၆)

သစ္စာတို (ဆို ?) ကျမ်း။

ခရစ်နှစ် ၁၈၄၉ ခု။ မြန်မာလို ပေစာ။

၇၇ (မြန်မာ ၇၇)

Chan Pon ဟူ၍ အမည်တပ်ထားသော ပေစာ။

၁၉ ရာစုနှစ်။

mgyoe.com

mgyoe.com

၇၈ (မြန်မာ ၇၈)

ရာဇာဓိရာဇာဓိ အရေးတောင်ပု မောင်ဆိုင်။

(ဤစာမူကို ထုတ်မကြည့်ခဲ့ရ၍ တပ်အပ်သေချာမပြောနိုင်ပါ။ စာကြည့်တိုက် ကက်တလောက်တွင် ယင်းသို့ရေးသားပြဆိုထားသည်ကိုသာ တွေ့ရပါသည်။ ရာဇာဓိရာဇ်အရေးတော်ပုံကို ဆိုလိုသလား မောင်ဆိုင်မှာ ကျမ်းစာပိုင်ရှင်ဖြစ်လေသလား။ စဉ်းစားဖွယ်၏)

အထက်ပါတို့ကား ပဲရစ်မြို့ အမျိုးသားစာကြည့်တိုက်ရှိ မြန်မာစာပေများဖြစ်ပါသည်။ ၎င်းတို့အကြောင်းကို ကျွန်တော်သည် ပြင်သစ်စာမတတ်တတတ်နှင့် ကက်တလောက်တွင် ပြထားသည်တို့ကို ဘာသာပြန်၍ပြလိုက်ပါ၏။ ပြင်သစ်စာတတ်သူတို့နှင့် ညှိနှိုင်းရန်အချိန်မရသဖြင့် အမှားအယွင်းရှိကောင်းရှိမည်။ သို့ကြောင့် အခြေခံအချက်အလက်တို့ကိုကား စာတတ်သူပရိသတ်များအတွက် အတော်အသင့်ပြည့်စုံလောက်ပါပြီ။

သွေးသောက်မဂ္ဂဇင်း။

အမှတ် ၁၀၈၊ ဇန်နဝါရီလ၊ ၁၉၅၅။

❖

mgyoe.com

mgyoe.com

အမျိုးသားစာဆို စလေဦးပုည

အင်္ဂလိပ်တို့သည်ပြဇာတ်ဆရာကြီး ရှိတ်စပီးယားကို သူတို့၏ အမျိုးသားစာဆိုတော်ဟူ၍ အသိအမှတ်ပြုကြသည်။ ဤကဲ့သို့ အသိအမှတ်ပြုကြသည်မှာ အကြောင်းများစွာရှိ၏။ သို့သော် ထိုအကြောင်းများစွာတို့အထဲတွင် ရှိတ်စပီးယားကို ဝေဖန်သူဒေါက်တာဂျွန်ဆင်၏ အကြောင်းပြချက်တို့သည် ပို၍ထင်ရှား၏။ ဝေဖန်သူ ပညာရှင်အများတို့ကလည်း လက်ခံ၏။

ဒေါက်တာဂျွန်ဆင်ကဆိုသည်မှာ ရှိတ်စပီးယားသည် ပြဇာတ်ရေးရာ၌ အများလူထု သဘောပေါက်နိုင်သော စကားဖြင့်ရေးသည်ဟုဆိုသည်။ ထို့ပြင် ရှိတ်စပီးယားသည် လူ့ဘဝနှင့်ပတ်ဝန်းကျင်ကို ဖွဲ့ဆိုရာ၌ လောကတစ်ခုလုံးကို ကြေးမုံပြင်တွင် အရိပ်ထင်ဟပ်စေဘိသကဲ့သို့ ထင်ဟပ်အောင် ဖွဲ့နွဲ့သည်ဟု ဆိုသည်။ ဤအကြောင်းတို့ကြောင့် ရှိတ်စပီးယားသည် လူ့လောကတစ်ဝန်းလုံးနှင့်ဆိုင်သော စာဆိုတော်ကြီးဖြစ်သည်ဟုလည်း ဆိုထားသည်။ ရှိတ်စပီးယား၏ပြဇာတ်တို့တွင် ဇာတ်

mgyoe.com

mgyoe.com

ဆောင်သူတို့၏ ပြုမူကျင့်ကြံပုံတို့သည် အင်္ဂလိပ်လူမျိုးတို့သာ ပြုမူကျင့်ကြံတတ်သော အချင်းအရာမဟုတ် စကော့လူမျိုး၊ ဝေလလူမျိုး၊ အိုင်ယာလန်လူမျိုးစသော တိုင်းရင်းသားလူမျိုးများသာ ပြုမူကျင့်ကြံတတ်သော အချင်းအရာမဟုတ် ကမ္ဘာသူကမ္ဘာသားအားလုံးတို့ ပြုမူကျင့်ကြံပြောဆိုနေထိုင်သွားလာစားသောက်ကြသော အပြုအမူမျိုးပင် ဖြစ်သည်ဟု ဒေါက်တာဂျွန်ဆင်က အကျယ်ဝိတ္ထာရ ဖွင့်ဆိုပြပေသည်။

ရှိတ်စပီးယားမွေးသောနှစ်နှင့် စလေဦးပုညမွေးသောနှစ်မှာ နှစ်ပေါင်း ၂၅၀ မျှ ကွာခြားသည်။ ရှိတ်စပီးယားသည် ၁၆ ရာစုနှစ်အလယ်ပိုင်းတွင် မွေးဖွားသည်။ ဦးပုညသည် ၁၉ ရာစုနှစ်အဦးပိုင်းတွင် မွေးဖွားသည်။

သို့ရာတွင် ထိုမျှနှစ် ပရိစ္ဆေဒ ကွာခြားပါသော်လည်း စလေဦးပုညဟူ၍ မြန်မာ့စာပေသမိုင်းတွင် ပေါ်ပေါက်လာသောအခါ မြန်မာတို့က ထိုစာဆိုတော်ကြီးကို မိမိတို့အမျိုးသားစာဆိုတော်ကြီးဟူ၍ အသိအမှတ်ပြုလာကြပုံမှာ အင်္ဂလန်နိုင်ငံသားတို့က သူတို့၏စာဆိုတော်ကြီးကို အမျိုးသားစာဆိုတော်ကြီးဟူ၍ အသိအမှတ်ပြုသောသဘောနှင့် အတူတူပင်ဖြစ်သည်။

ထို့ကြောင့်လည်း ၂၀ ရာစုနှစ် ခေတ်ဦးမှစ၍ မြန်မာစာပေသုတေသီပုဂ္ဂိုလ်အပေါင်းက ဦးပုညသည် မြန်မာတို့၏ရှိတ်စပီးယားဖြစ်သည်ဟူ၍ပင် ဆိုကြသည်။ ဤအဆိုသည် အတိဝုတ္တအဆို မဟုတ်။ ကျိုးကြောင်းသင့်မြတ်သောအဆို ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် ဦးပုည၏ ပြဇာတ်နှင့် အခြားအရပ်ရပ်စာများကို အကဲခတ်ကြည့်ပါက ဦးပုည၏အရေးအသားတို့သည် ဒေါက်တာဂျွန်ဆင်ဝေဖန်သော အချက်များနှင့် အတော်ပင်ကိုက်ညီသည်ကို တွေ့ရသည်။

mgyoe.com

mgyoe.com

ဦးပုညသုံးနှုန်းသော စကားတို့ကို လေ့လာလျှင် ၁၉ ရာစုနှစ် မြန်မာလူထုတစ်ရပ်လုံးက နားလည်သဘောပေါက်လွယ်သော စကားများဖြစ်သည်ကို တွေ့ကြရလိမ့်မည်။ ဤသို့ ကျွန်တော်ပြောဆိုသောအခါ နှောင်းလူတို့က ဦးပုည၏စာတွင် အဓိပ္ပာယ်ခက်ခဲသော ပါဠိဆံဆံစကားများကို တွေ့ရှိနေရလေရာ အဘယ်မှာလျှင် လူထုနားလည်နိုင်ပါမည်နည်းဟု စောဒက တက်ကောင်းတက်ကြလိမ့်မည်။ သို့သော် ကျွန်တော်ညွှန်ပြပြောဆိုလိုသည်မှာ စာဆိုတော်တစ်ဦးကို အကဲခတ်ကြည့်ရာ၌ ၁၉ ရာစုနှစ်ကို ၂၀ ရာစုနှစ်အခြေနှင့်နှိုင်း၍ အကဲခတ်လျှင် အမှန်သို့ မရောက်နိုင်ဟု ဆိုချင်ပါသည်။ ဦးပုညခေတ်၌ ပါဠိသည် လွှမ်းမိုးနေသည်။ ယခုခေတ် အင်္ဂလိပ်စာ လွှမ်းမိုးနေသည့်နည်းတူ ဦးပုညခေတ်၌ ပါဠိလွှမ်းမိုးခဲ့သည်။ ယခုခေတ် အင်္ဂလိပ်ဆံသော မြန်မာစကားကို ခေတ်လူတို့ အတော်အတန်နားလည်သကဲ့သို့ ဦးပုညခေတ် ပါဠိဆံသော မြန်မာစကားကို တောင်သူလယ်သမားမကျန် နားလည်ကြသည်။ ဥပမာ–ထိုခေတ်က ဒုလ္လဘဟုဆိုလျှင် လူထုကရခဲဘိခြင်းဟု နားလည်ကြသည်။ ယခုခေတ် ဗျူရိုကရက်ဟုပြောလျှင် မင်းစိတ်စိုးစိတ်ဆံသည်ဟု အများနားလည်ကြသည်။ ဤကဲ့သို့ သူ့ခေတ်နှင့် သူ့သဘာဝကို ယှဉ်ကြည့်လျှင် မြန်မာနိုင်ငံတွင် စလေဦးပုညဟု ဟိုးလေးတကျော်ဖြစ်ခဲ့ရသည်မှာ သူ၏စာကို လူ့ထုအများနားမလည်ဘဲနှင့် မဖြစ်နိုင်ချေ။ ရှိတ်စပီးယား၏စာကို လူတကာက နှစ်သက်သဘောကျကြသည်မှာ ရှိတ်စပီးယား၏စာကို နားမလည်ဘဲနှင့် သဘောကျကြသည် မဟုတ်ချေ။ အင်္ဂလိပ်စာပေတွင် ရှိတ်စပီးယားသာ နာမည်ကြီးသည်မဟုတ် မစ်လတန်စသော ကဗျာဆရာကြီးလည်း နာမည်ကြီးခဲ့ပါ၏။ မစ်လတန်၏ ဘုံခန်းနှင့် ငရဲခန်းအဖွဲ့အနွဲ့များကို ပညာရှင်တို့က အလွန်စာပေဂုဏ်မြောက်သည်ဟု ဖွဲ့နွဲ့ချီးကျူးခဲ့ကြပါ၏။ သို့သော် မစ်လတန်၏ကဗျာ

mgyoe.com